# Reporting free expression violations in Burma

## a manual

မြန်မာနိုင်ငံအတွင်း
လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ကို
ထိခိုက်နစ်နာစေသော
ကျူးလွန်ခြင်းများအတွက်
အသိပေးနှိုးဆော်ခြင်း။

IFEX SEAPA Sida

# Reporting free expression violations in Burma

## a manual

မြန်မာနိုင်ငံအတွင်း
လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်ကို
ထိခိုက်နစ်နာစေသော
ကျူးလွန်ခြင်းများအတွက်
အသိပေးနှိုးဆော်ခြင်း။

IFEX SEAPA Sida

# အမှာစာ

ဤစာအုပ်သည် အရှေ့တောင်အာရှ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ မဟာမိတ်အဖွဲ့ (စီပါ)မှ ဆီလျော်အောင် ဘာသာပြန်ဆို ထုတ်ဝေထားခြင်းဖြစ်သည်။ ‘စီပါ’သည် လွတ်လပ်သော သတင်းသမားများနှင့် အရှေ့တောင်အာရှအတွင်း သတင်းလွတ်လပ်ခွင့်ရရှိရန် ကူညီဆောင်ရွက်ပေးနေသူများ ပါဝင် ပေါင်းစည်းထားသော အဖွဲ့အစည်း ဖြစ်သည်။

ဤစာအုပ်မှနေ၍ မြန်မာနိုင်ငံအတွင်း စာနယ်ဇင်း လွတ်လပ်ခွင့်ရရှိရေးအတွက် တောင်းဆိုပေးနိုင်ရန် မျှော်လင့် သည်။ တိုင်းပြည်အတွင်းမှ စာနယ်ဇင်း အခြေအနေအမှန်များကို စာအုပ်အတွင်းတွင် ဖော်ပြထားသော အချက်အလက် များ၊ နည်းလမ်းများဖြင့် သတင်း ဖြန့်ဝေနိုင်ပါသည်။ ထို့အပြင် စာနယ်ဇင်းလုပ်ငန်း လွတ်လပ်စွာ ရပ်တည်ခွင့်ရရေးအတွက် တောင်းဆိုမှုများနှင့် နှိုးဆော်မှုများ ပြုလုပ်နိုင်ရန်လည်း ရည်ရွယ်ပါသည်။

ဤစာအုပ်သည် အချက်ပေးရန် စောင့်ကြည့်နေသော သတင်းကွန်ယက်အတွက် အထူးပြုစုထားခြင်း ဖြစ်သည်။ အရှေ့တောင်အာရှမှ သတင်းသမားများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်နေသူများအတွက် ၎င်းတို့၏အလုပ်များ တွင်

ဤစာအုပ်ပါ အရင်းအမြစ်များကို တနည်းနည်းဖြင့် အသုံးပြုနိုင်စေရန် ရည်ရွယ်၍ 'စီပါ'မှ ဦးဆောင် ကြိုးပမ်းထားခြင်းဖြစ်သည်။

(SEAPA/August 2007)

ဘာသာပြန် – သမာဓိ
တည်းဖြတ် – နိုင်းနိုင်း

- နိုးဆော်စာ လှုပ်ရှားမှု ကွန်ယက် (ခေါ်)
  Action Alert Network (AAN)....6
- နိုးဆော်စာ လှုပ်ရှားမှု ဆိုသည်မှာ အဘယ်နည်း။....8
- ထိရောက်သော နိုးဆော်စာများ ပြင်ဆင်ရေးသားရန်အတွက် လမ်းညွှန်မှု (၁၀)ချက်။....10
- နိုးဆော်စာ လှုပ်ရှားမှု ကွန်ယက် သတင်းအချက်အလက် အမျိုးအစား။....16
- နိုးဆော်စာရေးသားခြင်းအတွက် အကြံဉာဏ်....22
- မြန်မာနိုင်ငံအတွင်းရှိ လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်ကို ထိခိုက်စေသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ။....29
- လွတ်လပ်စွာ ထုတ်ဖော်တင်ပြခြင်းနှင့် နိုင်ငံတကာ ဥပဒေများ။....39
- အဓိက အခွင့်အရေးများ။....41
- "အိုင်းဖက်စ်" (IFEX) ဆိုတာ ဘာလဲ။....53
- "စီပါ" (SEAPA) ဆိုတာ ဘာလဲ။....55
- အိုင်းဖက်စ် – စီပါ (IFEX - SEAPA) တို့၏ စာနယ်ဇင်း လွတ်လပ်ခွင့် စီမံကိန်း။....56
- အရှေ့တောင်အာရှ – နိုးဆော်စာ လှုပ်ရှားမှု ကွန်ယက် ဆိုသည်မှာ အဘယ်နည်း။....58

ဤအခန်းတွင် ဖော်ပြထားသော သတင်းအချက်အလက်များသည် ကနေဒါနိုင်ငံ၊ တိုရွန်တိုရှိ နိုင်ငံတကာ လွတ်လပ်စွာ ရေးသားဖော်ထုတ်နိုင်မှုများ ဖလှယ်ရေး (သို့) အိုင်းဖက်စ် သတင်းစုဆောင်း ဖြန့်ဝေရေးဌာန **(International Freedom of Expression Exchange or IFEX Clearing House)** မှ ပြင်ဆင်ထားသော နှိုးဆော်စာလှုပ်ရှားသည့်စာအုပ်မှ ကောက်နှုတ်ဖော်ပြထားခြင်းဖြစ်သည်။ နှိုးဆော်စာ လှုပ်ရှားမှုကွန်ယက်၏ နောက်ပိုင်းတွင် ရည်ရွယ်ချက်များနှင့် ယူဆချက် များကို ဆွေးနွေးတင်ပြထားသည်။ ယင်းအပြင် ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို လွတ်လပ်စွာ ထုတ်ဖော်ရေးသားမှုကို ပိတ်ပင်တားမြစ်နေသည်များအတွက် ထိရောက်သော အစီရင်ခံစာများ ပြင်ဆင် ရေးသားနိုင်ရန် နည်းလမ်းများလည်း ဖော်ပြ ထားသည်။

## နှိုးဆော်စာ လှုပ်ရှားမှု ကွန်ယက် (ခေါ်)
## Action Alert Network (AAN)

အိုင်းဖက်စ်၏ အဓိက ဖွဲ့စည်းပုံတစ်ခုမှာ နှိုးဆော်စာလှုပ်ရှားမှုကွန်ယက် (ခေါ်) Action Alert Network (AAN) ဖြစ်သည်။ ယင်းအစီအစဉ်အောက်တွင် သက်ဆိုင်ရာနေရာဒေသအလိုက် (သို့မဟုတ်) မိမိတို့ ကျွမ်းကျင်သည့် သတင်း ဦးတည်ချက် လမ်းကြောင်းအလိုက် လွတ်လပ်စွာ ဖော်ထုတ်ရေးသားမှုကို နှောင့်ယှက်ဟန့်တားနေသည့် သတင်းအချက် အလက်များကို အိုင်းဖက်စ်အဖွဲ့ဝင်များမှ အစီရင်ခံစာ ပေးပို့ရမည်ဖြစ်သည်။ ၎င်းတို့၏ အစီရင်ခံစာ (သို့မ ဟုတ်) သတိပေး နှိုးဆော်စာများ (Alerts) ကို အိုင်းဖက်စ် သတင်းစုဆောင်း ဖြန့်ဝေရေးဌာန မှတဆင့် အိုင်းဖက်စ်၏ တကမ္ဘာလုံးရှိ အဆက်အသွယ် ကွန်ယက်များသို့ ပေးပို့သွားမည်ဖြစ်သည်။ ယခင်နှင့် ယခုဆက်လက်ဖြစ်ပေါ်နေသော လုံ့ဆော်မှုများ အတွက် သတင်းအချက်အလက်များ ဖြန့်ဝေနိုင်ရန်နှင့် ဆိုင်းငံ့နေသည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခွင့်များအတွက်  လိုအပ်သည့် နောက်ဆုံးရရှိထားသော အချက်အလက်များကို (AAN) ကစီမံပေးသည်။

ထို့ကြောင့် (AAN) သည် အဖွဲ့ဝင်များ၏ လုပ်ရှားမှုများ၊ ရှာဖွေတွေ့ရှိမှုနှင့် သတင်းအချက်အလက် မျှဝေသုံးစွဲမှုများ၊ အလိုအပ်ဆုံးအခြေအနေအတွက် ဦးစားပေးဆောင်ရွက်မှုများကို အိုင်းဖက်စ်အဖွဲ့ဝင်များ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် အကြောင်းကြားအသိပေးနေနိုင်သည့် စနစ်တစ်ခုဖြစ်သည်။ ကမ္ဘာပေါ်ရှိ မည်သည့်နေရာတွင်မဆို ပုံနှိပ် လွတ်လပ်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုကို နှောင့်ယှက် ဟန့်တားနေသည့်အရာများကို ကမ္ဘာတစ်ဝှမ်းလုံး ပူးပေါင်းပါဝင်ပြီး လျှင်လျှင်မြန်မြန် တုံ့ပြန်နိုင်ရန် AAN က ခွင့်ပြုထားသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် စာနယ်ဇင်းလောက တိုက်ခိုက်ခံရမှုများအတွက် နိုင်ငံတကာတွင် မီးမောင်းထိုးပြရမည့် တာဝန်များကို နိုးဆော်စာများက ကူညီလေ့ကျင့်ပေးရမည် ဖြစ်သည်။ လွန်ခဲ့သော နှစ်များအတွင်း ထောင်တံခါးများ ဖွင့်ပေးခဲ့ခြင်း၊ တားမြစ်ထားသည့် ပုံနှိပ်ထုတ်ဝေခွင့်များ ဖယ်ရှားနိုင်ခဲ့ခြင်းနှင့် လူ့အသက်ပေါင်းများစွာ ကယ်တင်နိုင်ခဲ့ခြင်းများအထိ နိုးဆော်စာများက ကူညီပေးခဲ့သည်။

# နိုးဆော်စာ လှုပ်ရှားမှု ဆိုသည်မှာ အဘယ်နည်း။

နိုးဆော်စာ လှုပ်ရှားမှုဆိုသည်မှာ လက်တလော နိုင်ငံရေးအခြေအနေပေါ် မူတည်၍ လိုအပ်သည့် သတ်မှတ် လှုပ်ရှားမှုများအတွက် အကူအညီတောင်းဆိုရန် ရေးသားပေးပို့သည့်စာ ဖြစ်သည်။ ကောင်းမွန်ပြင်ဆင်ထားသည့် နိုးဆော် စာလှုပ်ရှားမှုတွင် လူများ၊ အဖွဲ့အစည်းများနှင့် ဆိုင်ရာကဏ္ဍအလိုက်ဆောင်ရွက်မှုများကို ဒီမိုအရေစီနည်းကျကျ ပါဝင် လှုပ်ရှားကြရန် ဖြစ်သည်။ ၄င်းစာများသည် နိုးဆော်လှုပ်ရှားသူများ၏ ရှင်းလင်းပြတ်သားသော ရည်မှန်းချက်နှင့် ယုတ္တိရှိသော နည်းစနစ်များနှင့် အမြဲတမ်း တသားတည်းဖြစ်နေအောင် စီစဉ်ထားသည်။

နိုးဆော်စာလှုပ်ရှားမှုတွင် အဓိကအားဖြင့် 'တကိုယ်တော် နိုးဆော်စာ' နှင့် 'အဖွဲ့အစည်းအလိုက် လှုံ့ဆော်မှု' ဟူ၍ နှစ်မျိုးခွဲခြားနိုင်သည်။

တကိုယ်တော်နိုးဆော်စာမှာ ပုဂ္ဂိုလ်ရေးရာ စာနာထောက်ထားတတ်သူ အများအပြားအကြား ပါဝင်စီးမျောသွား စေရန်ရည်ရွယ်၍ ဖြန့်ဝေရေးသားခြင်းဖြစ်သည်။ အဖွဲ့အစည်းအလိုက် လှုံ့ဆော်မှုတွင် စာတိုက်လိပ်စာများနှင့် ၄င်းတို့ ရည်ရွယ်ထားသော ပရိတ်သတ်များမှတဆင့် ပုံမှန်ဆက်သွယ် လုပ်ဆောင်နေသည်။ ယင်းပရိတ်သတ်တွင်

အင်တာနက် အသိုင်းအဝိုင်းမှ ပရိတ်သတ်များသော်လည်းကောင်း၊ စုစည်းလုပ်ဆောင်နေဆဲ လူနည်းစုသော်လည်းကောင်း ပါဝင်နိုင်သည်။ (ဥပမာ–အိုင်းဖက်စ် အဖွဲ့ဝင်များ၊ လုပ်ဖော်ကိုင်ဖက် အဖွဲ့အစည်းများ၊ သတင်းလက်ခံရရှိသူများ ပါဝင်သည်။)

အင်တာနက်ကို အခြေခံသော နှိုးဆော်စာလှုပ်ရှားမှုသည် စာရွက်စာတမ်းများ၊ တယ်လီဖုန်းနှင့် ဖက်စ်များကို အခြေခံထားသည့် စည်းရုံးလှုပ်ရှားမှုကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ထားခြင်းဖြစ်သည်။ အထူးထုတ်ဖော်ချက် တစ်ခုအ တွက် အလေးပေးသော ပရိတ်သတ်များထံသို့ နှိုးဆော်စာရောက်ရှိနိုင်မှု၊ ထိုမှတဆင့် ၄င်းတို့ထံမှ တုံ့ပြန်မှုတို့ကို လျှင်မြန်စွာ ရရှိခြင်းစသည့် အခြေခံစည်းမျဉ်း၊ စည်းကမ်းများသည် ယင်းလှုပ်ရှားမှု နှစ်ခုအကြားတွင် အများအားဖြင့် တူညီကြသော် လည်း ယနေ့ ခေတ်အင်တာနက် ဝက်ဆိုဒ်များမှတဆင့် စာများ ရေးသားဖြန့်ဝေခြင်းက ပိုမိုသက်သာစေသည့်အပြင် လျှင် မြန် ထိရောက်မှုလည်း ရှိသည်။

# ထိရောက်သော နှုံးဆော်စာများ ပြင်ဆင်ရေးသားရန်အတွက် လမ်းညွှန်မှု (၁၀)ချက်။

## ၁။ စုံစမ်းသိရှိထားသမျှ ရှင်းလင်းပြတ်သားသော အချက်များရရှိထားရန်

- တရားဥပဒေနှင့် ညီညွတ်စေရန်အတွက် မူလစုံစမ်းထားသည့် အချက်အလက်များကို ဖော်ဆောင်ပေးပါ။
- သတင်းအချက်အလက်များ မှန်ကန်မှုကို စမ်းစစ်ပါ။
- ဒုက္ခရောက်စေတတ်သော အမှားများကို ရှောင်ရန်အတွက် ရှင်းလင်းချက်များ ရရှိထားပါ။
- အမည်မဖော်လိုသော သတင်းအချက်များ အသုံးပြုခြင်းကို ရှောင်ရှားပါ။

## ၂။ လက်ရှိဖြစ်ရပ်အပေါ် ယခင်အဖွဲ့ဝင်များ၏ နှုံးဆော်စာများကို ပြန်လှန်သုံးသပ်ရန်။

- ဖြစ်ရပ်တစ်ခုအတွက် ယခင်ရေးသားချက်များကို မြင်နိုင်ရန် အိုင်းဖက်စ်ကွန်ယက်တွင် ဖြန့်ဝေထားခဲ့သော ယခင် နှုံးဆော်စာများအား ပြန်လေ့လာခြင်းသည် အကျိုးရှိစေပါသည်။
- ဤအဆင့်သည် အိုင်းဖက်စ်အဖွဲ့ဝင်များ အနေနှင့် ပြဿနာတစ်ခု၏ ဆက်စပ်သည့် အချက်အလက်အပေါ် တူညီသောစာမျက်နှာပေါ်တွင် ရှိနေစေရန် ကူညီပေးသည့်အပြင်၊

ရှေ့ဆက်ပြီး အဖွဲ့ဝင်အချင်းချင်း နားလည်မှု လွဲခြင်း၊ ရှေ့နောက် မညီညွတ်ခြင်းများ မရှိရလေအောင် အကူအညီပေးသည်။

## ၃။ နိုင်ငံတကာ စာဖတ်ပရိတ်သတ်များအတွက် ရေးသားပေးရန်။

- ဝေါဟာရများကို အဓိပ္ပါယ်သတ်မှတ်၍ ဗန်းစကားများ ရေးသားခြင်းကို ရှောင်ကြဉ်ပါ။
- မိမိယဉ်ကျေးမှု၊ မိမိနိုင်ငံအတွင်း၌သာသုံးသော စကားလုံးများအစား တစ်ကမ္ဘာလုံးသိသော စကားလုံးများအား ရွေးချယ်အသုံးပြုပါ။
- နိုင်ငံရေးအဖွဲ့အစည်းများ၊ လှုပ်ရှားမှုများ၏ အတိုကောက်စာလုံးများအပြင် နာမည်အပြည့်စုံကိုပါ ထည့်သွင်း ဖော်ပြပေးပါ။

## ၄။ ဖြစ်ရပ်တစ်ခုအတွက် အသေးစိတ်လိုအပ်သော အချက်အလက်များကို စီစဉ်ရေးသားပေးပါ။

- ပြဿနာဖြစ်ပွားခဲ့သော အချိန်ကာလကိုရည်ညွှန်းသည့် ရက်စွဲကို အမြဲတမ်းထည့်သွင်းပေးပါ။ ယနေ့၊ မနက်ဖြန်၊ လွန်ခဲ့သောအပတ် စသော စကားလုံးများနေရာတွင် တိကျသောရက်စွဲများဖြင့် အစားထိုးရေးသားပေးပါ။
- ပြဿနာဖြစ်ပွားခဲ့သော နေရာဒေသကို ဖော်ပြပေးပါ။

- တိုက်ခိုက်သူများ၊ ဒုက္ခရောက်သူများနှင့် ဓားစာခံများ၏ နာမည်များကို သိခဲ့လျှင် ရှင်းလင်းစွာ ဖော်ပြပေးပါ။

## ၅။ ဖြစ်ရပ်အားလုံးကို ပြောပြပါ။ (ဖြစ်ရပ်များရေးသားရာတွင် အထူးအစီရင်ခံစာများမှလွဲ၍ တစ်မျက်နှာထက် မပိုသင့်ပါ။)

- အဓိကအချက်များ၏ ရှင်းလင်းချက်များကို လိုရင်းနှင့် ထိရောက်စွာ ရေးသားပေးပါ။
- လွတ်လပ်စွာ ရေးသားဖော်ထုတ်မှုနှင့် ဆက်စပ်ပတ်သက်သည်များကို ရှင်းပြပေးပါ။
- အကြမ်းဖက်မှုအတွက် ဖြစ်နိုင်ချေရှိသောကိစ္စများကို သိခဲ့လျှင်ဖော်ပြပေးပါ။
- နောက်ခံအကြောင်းအရာများနှင့် ယင်းအတွက်အရေးပါသော ရိုးရှင်းသည့် ညွှန်ကြားချက်များကိုပါ ထည့်သွင်း ဖော်ပြပါ။ (ဥပမာ – အင်တာနက်စာမျက်နှာ အချိတ်အဆက်များ)

## ၆။ အလွယ်တကူ ဖတ်နိုင်၊ နားလည်နိုင်စေရန် ပြုလုပ်ပါ။

- ပြဿနာကို အကျဉ်းချုံးဖော်ပြသော ရှင်းလင်းကောင်းမွန်သည့် ခေါင်းစည်းများနှင့် စတင်ရေးသားပါ။
- ပညာရပ်ဆိုင်ရာ အသုံးအနှုန်းများမဟုတ်သည့် သာမန် ဝေါဟာရများကိုသာသုံးစွဲပါ။
- ရိုးရှင်းသည့် သဒ္ဒါနည်းနှင့် ဝါကျတိုများကိုသာ သုံးပါ။

- ရှည်လွန်းသော စာပိုဒ်များကို ခွဲထုတ်ပေးပါ။
- ငြီးငွေ့မှုမရှိစေရန် သိသာမြင်သာသော ခေါင်းစည်းများကို အသုံးပြုပါ။
- ထပ်ခါထပ်ခါ ရေးသားမှုများကို ရှောင်ပါ။

## ၇။ မှန်ကန်မှုမရှိသော ဖော်ပြချက်များ ရေးသားခြင်းကို ရှောင်ရှားပါ။

- မှန်ကန်မှုမရှိသော တောင်းဆိုမှုများ၊ မရေရာသော မှန်းဆချက်များအား ရှောင်ရှားသင့်သည်။ ထိုသို့ပြုလုပ်ခြင်းသည် ဒုက္ခရောက်နေသူအား ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ဖြစ်စေသည့်အပြင် သတင်းအချက်အလက် အပေါ် စိစဉ်ထားသည့် ယုံကြည်မှုများကိုလည်း ထိခိုက်စေသည်။
- နိုင်ငံတစ်နိုင်ငံ၏ အကြမ်းဖက်မှုအတွက် တာဝန်ရှိမှုကို အစီရင်ခံစာရေးသားချက်ပေါ်တွင် နိုင်ငံတကာနှင့် ဆက်စပ်သည့် နိုင်ငံအချင်းချင်း သဘောတူထားသော လက်မှတ်များ၊ စာချုပ်စာတမ်းများကို ကိုးကား ဖော်ပြ ပေးပါ။ ဥပမာ – အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်း၊ ပြည်သူနှင့်နိုင်ငံရေး အခွင့်အရေးအပေါ် နိုင်ငံတကာ နီးနှောဖလှယ်ပွဲမှ ခေါင်းစဉ်ခွဲ ၁၉၊ တိုင်းပြည်၏ အခြေခံဥပဒေတွင် ပါဝင်သော လွတ်လပ်စွာထုတ် ဖော်ရေးသားနိုင်ခွင့် အခြေအနေ အစရှိသဖြင့် ကိုးကားနိုင်သည်။

## ၈။ လိုအပ်ပါက ထောက်ခံမှု အားပေးခြင်းများ ထည့်သွင်းပါ။

- ရှင်းလင်း ထိရောက်သော ထောက်ခံအားပေးမှုများ ထည့်သွင်းပေးပါ။
- ဖြစ်ရပ်တစ်ခုသည် အချိန်နှင့်ပတ်သက်၍ စဉ်းစားရန်လိုအပ်ပါက အဘယ့်ကြောင့် ဖြစ်ကြောင်းရှင်းပြပါ။
- အကောင်းဆုံးထိရောက်မှု ရှိရန်အတွက် မိမိအဓိကထား ဦးတည်လိုသည်မှာ  မည်သည့် အာဏာပိုင်ဖြစ်သည် ကို သုံးသပ်နိုင်ရန်အတွက် အချိန်ယူဆောင်ရွက်ပါ။
- အထိရောက်ဆုံး ဆက်သွယ်နိုင်သည့်နည်းလမ်းများနှင့် တိုက်ရိုက်ဆက်သွယ်နိုင်သည့် အချက်အလက်များကို လည်း အကြံပြုပါ။

## ၉။ ပြီးပြည့်စုံသော တည်းဖြတ်သည့် အဆင့်တစ်ခုကို အကောင်အထည်ဖော်ပါ။

- မူကြမ်းတစ်ခုကို မပေးပို့မီ ဝေဖန်ချက်များ တောင်းခံပါ။
- နာမည်များ၏ သတ်ပုံမှန်ကန်မှုကို စစ်ဆေးပြီး လုံ့ဆော်စာတလျှောက်လုံးရှိ စာလုံးပေါင်းသတ်ပုံ မှန်ကန်မှုရှိမရှိ သေချာစွာပြုလုပ်ပါ။
- လိုအပ်သည်ထက် စကားလုံးအပိုများ သုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။
- ထပ်ခါထပ်ခါ ရေးသားထားသည်များကို ပယ်ဖျက်ပါ။

## ၁၀။ သင့်တော်သော နောက်ဆက်တွဲများကို သေချာစွာပြုလုပ်ပါ။

- ပြဿနာကို အစဉ်မပြတ် ကြီးကြပ်ပါ။
- ရရှိနိုင်ပါက ထူးခြားအရေးပါသော၊ အသစ်ဖြစ်သော သတင်းအချက်အလက်များနှင့် အဆက်မပြတ် ဖော်ထုတ်ပေးပါ။

# နှိုးဆော်စာ လှုပ်ရှားမှု ကွန်ယက် သတင်းအချက်အလက် အမျိုးအစား။

နှိုးဆော်စာ လှုပ်ရှားမှုကွန်ယက် (ANN)မှ ဖြန့်ဝေသောအရာအားလုံးသည် အိုင်းဖက်စ်အဖွဲ့ဝင်များမှ စုစည်းထား ခြင်းဖြစ်သည်။

## ၁။ နှိုးဆော်စာ လှုပ်ရှားမှု (သို့) နှိုးဆော်စာများ

နှိုးဆော်စာ လှုပ်ရှားမှုများသည် (ANN)မှ ထုတ်ဝေသော အရေးအတွက်များဖြစ်သည်။ ၄င်းတို့ကို အိုင်းဖက်စ်အဖွဲ့ ဝင်များနှင့် နာမည်စာရင်း ပေးသွင်းသူများကိုသာ သီးသန့်ဖြန့်ဝေသည်။ အများအားဖြင့် အရေးယူနိုင်လောက်သော ပြဿနာများကိုအခြေခံသည့် အလုပ်များဖြစ်သည်။

## ၂။ နှိုးဆော်စာ လှုပ်ရှားမှု (သို့) နှိုးဆော်စာများအား လက်ရှိအခြေအနေများဖြင့် အဆက်မပြတ်စေခြင်း

အိုင်းဖက်စ်အဖွဲ့ဝင်အဖွဲ့စည်းမှ အချက်အလက်တစ်ခုကို ရရှိသောအခါ (ANN)၏ စီစဉ်ည နှိကြားသူသည် ယခင်နှိုးဆော်စာများကို ဦးစွာပြန်လည်စစ်ဆေးခြင်းကို အမြဲပြုလုပ်ရသည်။ ယခင်ဖြန့်ဝေထားသော နှိုးဆော်စာများအတွက် သတင်းအချက်အလက်များ

ထပ်မံပေါင်းထည့်ရန် ပြင်ဆင်သည့်အခါတွင် မည်သည်က သတင်းအချက်အလက် အသစ် ဖြစ်သည် မည်သည်ကနောက်ခံအချက်ဖြစ်သည်ကို ရှင်းလင်းကွဲပြားစွာသိမြင်ထားခြင်းသည် အိုင်းဖက်စ်အဖွဲ့ဝင်များအတွက် အရေးကြီးသည့်အချက် ဖြစ်သည်။

## ၃။ သတင်းထုတ်ပြန်ချက်

သတင်းစာထုတ်ပြန်ချက် ပြုလုပ်သည်ဆိုသည်မှာ သတင်းထုတ်ဝေရာတွင် ရေးသားသုံးနှုန်းမှုများ အနည်းငယ်မှားယွင်းခဲ့သည်ကို ပြန်လည် ပြင်ဆင်ရန်အတွက်ဖြစ်သည်။ အိုင်းဖက်စ် သတင်းစုဆောင်း ဖြန့်ဝေရေးဌာနအနေနှင့် သတင်းဌာနများနှင့် ဆက်သွယ်၍ သတင်းဖြန့်ဝေခြင်းများ၊ ကိုယ်ပိုင် သတင်းထုတ်ပြန်ချက်များကို ပြင်ဆင်လုပ်ဆောင်လေ့ မရှိပေ။ သို့သော်လည်း အဖွဲ့အစည်း၏ သတင်းထုတ်ပြန်ချက်များကိုမူ အဖွဲ့ဝင်များနှင့် နာမည်စာရင်း ပေးသွင်းထားသူများကိုသာ ဖြန့်ဝေလေ့ရှိသည်။ ထိုသို့ဖြန့်ဝေရာတွင်လည်း ဖြစ်ပွားထားသည့် ပြဿနာကိစ္စများပါဝင်ပြီး သတင်းနှင့်ပတ်သက်သော အကြောင်းအရာများ အနည်းငယ်သာပါရှိပြီး၊ ထုတ်ပြန်ချက်များကိုသာ ပိုမို ထည့်သွင်းလေ့ ရှိသည်။ အခြေအနေ အကြောင်း အရာနှင့် ဆက်စပ်စေရန် စီရင်ထားသော အဖွဲ့အစည်း၏ သတင်းထုတ်ပြန်ချက် ဆိုသည်မှာလည်း

အိုင်းဖက်စ်၏ နှီးဆော်စာ၊ သတင်းထုတ်ပြန်သည့်စာ၊ နောက်ဆုံးရရှိသည့် သတင်းအချက်အလက်များကို အသိပေးသည့်စာများ အသွင်ဖြင့်သာ ဖြန့်ဝေ ကြသည်။

## ၄။ အစီရင်ခံစာ

စေ့စပ်သေချာသော အိုင်းဖက်စ်အဖွဲ့ဝင်များပါသည့် အဖွဲ့အစည်းများသည် အစီရင်ခံစာများကို အချိန်မှန်မှန်ထုတ်ဝေလျက်ရှိသည်။ အစီရင်ခံစာများကို တိုင်းပြည်တစ်ပြည်၏ ရေးသားဖော်ထုတ်နိုင်ခွင့် လွတ်လပ်မှု အခြေအနေ ပုံစံဖြင့်လည်းကောင်း၊ လွတ်လပ်စွာ ဖော်ထုတ်နိုင်ခွင့်အတွက် ပြည်တွင်းနှင့် နိုင်ငံတကာရှိ ဥပဒေရေးရာနှင့် ပါဝင်ပတ်သက်နေမှုအပေါ် လေ့လာသုံးသပ်မှုများ အနေဖြင့်လည်းကောင်း၊ ကမ္ဘာတစ်ဝှမ်းလုံးရှိ ပုံနှိပ်လွတ်လပ်ခွင့်အပေါ် အကြမ်းဖက်မှုများ၏ နှစ်စဉ် အစီရင်ခံစာများ အနေဖြင့်လည်းကောင်း (ဥပမာ – နှစ်စဉ် အကြမ်းဖက် သတ်ဖြတ်ခံနေကြရသော သတင်းထောက် အရေ အတွက်) တင်ပြကြသည်။

## ၅။ အဖွဲ့ဝင်များ၏ အတွင်းရေး နှိုးဆော်စာ၊ တောင်းပန်စာ၊ တောင်းဆိုစာ၊ မေးမြန်း စုံစမ်းသည့်စာ

အတွင်းရေးကိစ္စများကို အိုင်းဖက်စ်အဖွဲ့ဝင်များကိုသာ ဖြန့်ဝေသည်။ ANN ၏လုပ်ငန်းစဉ်သည် ထိခိုက်လွယ်သော

သတင်းများ၊ မသေချာသော သတင်းများမှစ၍
မည်သည့်သတင်းကိုမဆို လျှင်မြန်စွာ ဖြန့်ဝေနိုင်ရေးအတွက်
အဖွဲ့အစည်းနှင့် ဆိုင်သော ဆက်သွယ်မှုများအတွက်
အဖွဲ့ဝင်များအကြား ရရှိရန် ခွင့်ပြုထားသည်။

အကယ်၍ ပေးပို့သောစာများသည်
အိုင်းဖက်စ်အဖွဲ့ဝင်များအတွက်သာ ဖြစ်ပါက
အမှတ်အသားများပြုလုပ်ကာ အချက်ပြလေ့ရှိသည်။
အိုင်းဖက်စ်အဖွဲ့ဝင်များ များနိုင်သမျှ များများ ပါဝင်ဆင်နွှဲသော
စုပေါင်းလှုပ်ရှားမှုများကို အတွင်းရေး လှုပ်ရှားမှုအဖြစ်သာ
လုပ်ဆောင်လေ့ ရှိသော်လည်း ရရှိလာသည့် အကျိုးဆက်ကိုမူ
ပြင်ပသို့ ဖြန့်ဝေလေ့ရှိသည်။

စုံစမ်းစစ်ဆေးမှုများကို အိုင်းဖက်စ်အဖွဲ့ဝင်များနှင့်
သတင်းစုဆောင်း ဖြန့်ဝေရေးဌာနကသာ ဆောင်ရွက်နိုင်သည်။
ဖြန့်ဝေသည့် စာရင်းများသည်လည်း အိုင်းဖက်စ်အဖွဲ့ဝင်
အဖွဲ့စည်းများ၏ အတွင်းလူစာရင်းများသာ ဖြစ်သည်။ စုံစမ်းစစ်
ဆေးမှုများမှာ များသောအားဖြင့် ပြဿနာရင်းမြစ်ကိုသာ
ရှာဖွေလေ့ရှိသည်။ စီစဉ်ညှိနှိုင်းသူအနေနှင့် ရောက်ရှိလာသမျှ
သတင်းများမှ ဖြန့်ဝေသင့်သောသတင်းအချက်အလက်များကို
ANN တွင် ဖြန့်ဝေခြင်း မရှိသေးသည့်တိုင် အထက်ပါ လုပ်
ဆောင်ချက်ကို အသုံးပြုနိုင်ရှိသည်။ အချိန်တစ်ခုအတွင်း
အဖွဲ့ဝင်အနည်းငယ်အတွက် စုံစမ်းမှုများကိုလည်း သာမန်အားဖြင့်

ပြုလုပ်နိုင်သည်။ (ဥပမာ၊ တိုင်းပြည်တစ်ပြည်ရှိ အစီရင်ခံစာ တင်သွင်းထားသော အဖွဲ့အစည်းများ သို့မဟုတ် လွတ်လပ်စွာ ထုတ်ဖော် တင်ပြမှုအတွက် လက်ရှိကြုံဆုံနေသော အသွင်အပြင်များ အစရှိသဖြင့် ပါဝင်သည်။

## ၆။ အိုင်းဖက်စ်၏ သီးသန့် တည်ရှိနေသော လိပ်စာ စာရင်းများ

အိုင်းဖက်စ်၏ ၁၉၉၅ နှစ်ပတ်လည်အစည်းအဝေးတွင် အလိုအလျောက် ဖြန့်ဝေနိုင်သော အီးမေးလ်လိပ်စာများနှင့် နာမည်စာရင်းများကို ပြုလုပ်ပေးရန် သတင်းစုဆောင်း ဖြန့်ဝေရေးဌာနကို တောင်းဆိုထားသည်။ ထိုစာရင်းများသည် အိုင်းဖက်စ်အဖွဲ့ဝင်များ၏ အချက်အလက်များအား စိတ်ဝင်စားသူများအတွက် စီမံပေးထားခြင်းဖြစ်ပြီး ANN တွင် ဖော်ပြ ထားမည် မဟုတ်ပေ။ သတင်းအချက်အလက်များကို အိုင်းဖက်စ်အဖွဲ့ဝင်များမှလည်းကောင်း၊ သတင်းစုဆောင်း ဖြန့်ဝေရေး ဌာနမှလည်းကောင်း အလိုအလျောက်ဖြန့်ဝေပေးမည့် လိပ်စာစာရင်းမှ တိုက်ရိုက်ပေးပို့သွားမည်ဖြစ်သည်။ ယင်းအချက် အလက်များတွင် နှစ်ခါထပ်ပါနေသည့် အကြောင်းအရာများ (ဥပမာအားဖြင့် နှိုးဆော်စာလှုပ်ရှားမှုကို ကန့်ကွက်သည့်စာ များ) လွတ်လပ်စွာ ဖော်ထုတ်တင်ပြရေးအတွက် နောက်ခံအကြောင်းအရာများ၊ အိုင်းဖက်စ်အသိုင်းအဝိုင်းနှင့် ဆက်စပ်နေ သော များပြားသည့် လူ့အခွင့်အရေးသတင်းများ၊

အိုင်းဖက်စ်ကွန်ယက်တွင် ပိုမိုအဆင့်မီသော ဘာသာပြန်များနှင့်
တည်း ဖြတ်ပြီးသော စာပုံစံများအပြင် မတည်းဖြတ်
မပြုပြင်ရသောစာများလည်း ပါဝင်သည်။

# နှိုးဆော်စာရေးသားခြင်းအတွက် အကြံဉာဏ်

သတင်းအချက်အလက် အမျိုးအစား

- နှိုးဆော်စာ လှုပ်ရှားခြင်း၊ နှိုးဆော်စာ၊ နှိုးဆော်စာတွင် နောက်ဆုံးရရှိသည့် အချက်အလက်များ ထည့်သွင်းရေးသားခြင်း၊ သတင်းထုတ်ပြန်ချက်၊ အစီရင်ခံစာများ အစရှိသဖြင့် ဖော်ပြရမည်။
- ရရှိသော သတင်းအချက်အလက်များသည် ချက်ခြင်း အကောင်အထည်ဖော်ရန်လော၊ သိရှိထားရန် သက်သက်ပေလော ဆုံးဖြတ်ပါ။

အရင်းအမြစ်

- ဒုက္ခရောက်သူများ၏ လုပ်ဖော်ကိုင်ဖက်များနှင့် မိသားစုဝင်များ၊ မျက်မြင်သက်သေများ၊ ရှေ့နေများ၊ သတင်း အစီရင်ခံ စာများ၊ လူ့အခွင့်ရေး အဖွဲ့အစည်းများ အစရှိသဖြင့် သတင်းအရင်းအမြစ်များကို ခွဲခြားသတ်မှတ်ပါ။
- ဖြစ်နိုင်ပါက သီးသန့် အရင်းအမြစ်ကို ရှာပါ။ အကယ်၍ ထိုအရင်းအမြစ်သည် လျှို့ဝှက်သင့်ပါက သီးသန့်သတ်မှတ်၍ ယင်းအပေါ်တွင်လည်း မိမိ၏ လျှို့ဝှက်နာမည်များပေးပါ။

အကြမ်းဖက်မှု အမျိုးအစား

- ဥပမာ၊ ဖမ်းဆီးခြင်း၊ လုပ်ကြံသတ်ဖြတ်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်း၊ တိုက်ခိုက်ခြင်း၊ တားမြစ်ခြင်း၊ ဆင်ဆာဖြတ် တောက်ခြင်း၊ စွပ်စွဲခြင်း၊ အသက်အန္တရာယ် ခြိမ်းခြောက်ခြင်း၊ ပြည်နှင်ဒဏ်ပေးခြင်း၊ ထိန်းသိမ်းခြင်း၊ ဖျောက်ဖျက်ခြင်း၊ ဒဏ်ရိုက်ခြင်း၊ နှောင့်ယှက်စော်ကားခြင်း၊ အကျဉ်းချထားခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ပြန်ပေးဆွဲခြင်း၊ ဥပဒေအရ အရေးယူခြင်း၊ ဖမ်းဆီးခြင်း၊ အပြစ်ဒဏ်ပေးခြင်း၊ ရာထူးမှချထားခြင်း၊ အခြားခြိမ်းခြောက်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း၊ အစရှိသဖြင့် ဖော်ပြရမည်။

ဒုက္ခရောက်သူများ

- တသီးပုဂ္ဂလ နာမည်များ၊ ထုတ်ဝေခြင်း နာမည်များ (သို့မဟုတ်) အခြား ရည်ညွှန်းသော နာမည်များ။
- ဒုက္ခရောက်သူများအား မည်သူမည်ဝါဟု ထုတ်ဖော်တင်ပြခြင်း (ဥပမာ။ ပညာရှင်၊ ဗွီဒီယိုရိုက်သူ၊ အယ်ဒီတာ၊ လူ့အခွင့်အရေးအတွက် လိုက်ပါဆောင်ရွက်ပေးသူ၊ သတင်းထောက်၊ သတင်းစာ ရောင်းသူ၊ ဓါတ်ပုံရိုက်သူ၊ ထုတ်လုပ် သူ၊ စာရေးသူ အစရှိသဖြင့်။) အခြား ရည်ညွှန်းသည်များ (စာအုပ်၊ မဂ္ဂဇင်း၊ သတင်းစာ၊ အဖွဲ့အစည်း၊ အသံလွှင့်ဌာန၊ ရုပ်မြင်သံကြားဌာန အစရှိသဖြင့်။) ပါရှိရမည်။

- ဒုက္ခရောက်သူသည် နိုင်ငံခြား၌ အလုပ်နေသူဖြစ်လျှင် မည်သည့်နိုင်ငံသား ဖြစ်ကြောင်းကိုပါ တင်ပြရမည်။
- ရည်ညွှန်းချက်သည် သတင်းဌာနမှ ထွက်ရှိခြင်း၊ သို့မဟုတ် ပုံနှိပ်ထုတ်ဝေခြင်းမှ ဖြစ်ခဲ့လျှင် မည်ကဲ့သို့ထုတ်ဝေသနည်း၊ မည်သူက ပိုင်၍ မည်သူကထုတ်ဝေသနည်း၊ ယင်းတွင် နိုင်ငံရေးအရ ပါဝင်ဆက်စပ်မှု ရှိမရှိ ဖော်ပြရမည်။

အချိန်နှင့် နေရာ
- နေရာ၊ ရက်စွဲနှင့် အကြမ်းဖက်မှု ဖြစ်သည့်အချိန်များ ပါရှိရမည်။

အကြမ်းဖက် အဖွဲ့
- အကြမ်းဖက်မှုတွင် မည်သူ တာဝန်ရှိသလဲ။ ဥပမာ – ရဲ၊ လုံခြုံရေးတပ်၊ အစိုးရဝန်ကြီးဌာန၊ လက်နက်ကိုင် တော်လှန်သူ၊ အမျက်ဒေါသထွက်နေသည့် လူအုပ်၊ အစရှိသဖြင့် ပါရှိရမည်။

ဖြစ်နိုင်ချေရှိသော အကြောင်းအရင်း
- မည်သည်က အကြမ်းဖက်မှုကို ဖြစ်စေသနည်း။ ဥပမာ။ သတင်းဆောင်းပါး၊ စုံစမ်း ထောက်လှမ်းမှု၊ နိုင်ငံရေးနှင့် ဆက်စပ်နေမှုများကို ဖော်ပြထားရမည်။

- တိုက်ခိုက်ခံရမှုသည် သတင်းလုပ်ငန်း (သို့မဟုတ်) လွတ်လပ်စွာ ထုတ်ဖော်ခွင့် အကြောင်းအချက်နှင့် သိသိသာသာ ဆက်နွယ်မှုရှိနေမည်လား။
- အဖြစ်အပျက်၏ အခြားအသေးစိတ် အချက်အလက်များ။ (ဥပမာ – အကြမ်းဖက်ခံရသူက ပစ်မှုကျူးလွန်ခဲ့ခြင်းများ ရှိသလော)

တရားဝင် မှန်ကန်ကြောင်း ဖော်ပြချက်

- အကြမ်းဖက်မှုကို ရှင်းပြနိုင်သည့် အခြား ဥပဒေနှင့် အကြောင်းပြချက်များကို တင်ပြပါ။
- အကြမ်းဖက်သည့် အဖွဲ့အစည်းမှ မည်သည့် တရားလမ်းကြောင်းဖြင့် လှုပ်ရှားနေသည်ကို ဖော်ပြပေးပါ။
- တရားဝင်စွပ်စွဲခဲ့ပါက တရားဥပဒေအရ မည်သို့သော အသုံးချနိုင်သည့် နည်းလမ်းများ ရှိနေသနည်း။ ဥပမာ – ကြာမြင့်သည့် အချိန်ကာလ၊ ဖြစ်နိုင်ချေရှိသော တရားဥပဒေ စီရင်ခြင်း အစရှိသဖြင့် ဖော်ပြရမည်။
- လက်ရှိ မည်သည့်ဥပဒေကို အသုံးပြုနေသနည်း။ နိုင်ငံတော် ဥပဒေ၊ ဒေသတွင်း ဥပဒေ၊ နိုင်ငံတကာ ဥပဒေ၊ ကြေငြာစာတမ်းများနှင့် အခြားသော သဘောတူစာချုပ်များနှင့် မည်သို့ဆက်စပ်နေသည်ကို ဖော်ပြထားရမည်။

အခြား စဉ်းစားရန် အချက်များ

- ဒုက္ခရောက်သူသည် ထိန်းသိမ်းထားခြင်းခံနေရပါက တရားဝင်ကိုယ်စားပြု တင်ပြခြင်းများ ရှိမရှိ၊ မိသားစုဝင်များနှင့် အဆက်အသွယ် ရှိမရှိ အစရှိသဖြင့် ဖော်ပြပေးပါ။
- ဆေးဝါးကုသ စောင့်ရှောင့်မှုများ ရှိမရှိ တင်ပြပါ။
- အကယ်၍ ပုံနှိပ်ထုတ်ဝေသည့် နေရာတစ်ခုအား တားမြစ်ခံထားရပါက၊ ၄င်း၏ပိုင်ဆိုင်မှုများအား မတရား အသိမ်းခံရ ခြင်း၊ ဖျက်ဆီးခံရခြင်းများ ရှိမရှိ စုံစမ်းတင်ပြပါ။

မှန်ကန်ကြောင်းထောက်ခံသည့် လှုပ်ရှားမှု

- မှန်ကန်ကြောင်း ထောက်ခံသည့် လှုပ်ရှားမှုသည် ဆန့်ကျင်ကန့်ကွက်မှုထက် သာလွန်၍ အကြမ်းဖက်သူကို ဖိအားပေး ရန် နည်းလမ်းများကိုပါ ထည့်သွင်းရမည်။ အကြမ်းဖက်သူအပေါ် ဖိအားပေးသော အခြားလှုပ်ရှားမှုကိုလည်း ရှင်းလင်း စွာ ဖော်ပြထားသင့်သည်။

လုံခြုံရေးဆိုင်ရာ စိုးရိမ်မှုများ

- သတင်းဖြန့်ဝေမှုကို ကန့်သန့်ထိန်းချုပ် သင့် မသင့် ဖော်ပြပါ။
- နှိုးဆော်စာများ ဖတ်ရှုသော ပရိသတ်များအနေနှင့် ရှောင်ကြဉ်သင့်သည့် အထူးလှုပ်ရှားမှုများ ရှိမရှိ ဖော်ပြပါ။

အယူခံတောင်းဆိုမှုကို ပို့ရမည့်နေရာ

- အစိုးရဌာနဆိုင်ရာများနှင့် ဆက်သွယ်သင့်သော အစိုးရမဟုတ်သည့် အဖွဲ့အစည်းများ၏ နာမည်၊ နေရပ်လိပ်စာ၊ အထူးသဖြင့် ဖက်စ် နံပါတ်များကို အမြဲထည့်သွင်းပေးရမည်။

နောက်ဆက်တွဲ

- ဖြစ်ရပ်တစ်ခု၏ သင့်လျော်သော နောက်ဆက်တွဲများကို သေချာစွာပြုလုပ်ရန် သတိရပါ။ ထူးခြားသိသာသော သတင်းအသစ်များကိုလည်း လှုံ့ဆော်စာတွင် ထည့်သွင်းပါရှိစေရမည်။

တခြားသောအကြောင်းအရာ

- စာဖတ်ပရိသတ်များသည် နယ်မြေဒေသတစ်ခု သို့မဟုတ် တိုင်းပြည်တစ်ပြည်မှ ရေးသားတင်ပြထားသော စာလုံးအတိုကောက်များ၊ အစိုးရအဆောက်အဦးများ၊ တရားခွင်လုပ်နည်းလုပ်ဟန်များအား ရင်းနှီး သိရှိထားသည်ဟု မယူဆသင့် ပေ။
- နိုင်ငံခြား ပရိတ်သတ်များအတွက် ရေးသားနေသကဲ့သို့ အသေးစိတ် ရှင်းလင်းဖော်ပြရန် လိုအပ်သည်။

ဖြန့်ဝေခြင်း

နိုးဆော်စာများကို မည်သို့ ဖြန့်ဝေမည်နည်း။ တင်းကြပ်မှုများ ရှိနိုင်မရှိနိုင် ဖော်ပြပေးပါ။

## မြန်မာနိုင်ငံအတွင်းရှိ လွတ်လပ်စွာ ထုတ်ဖော်ရေးသားပြောဆိုခွင့်ကို ထိခိုက်စေသော ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ အဆိုးရွားဆုံးသော စာနယ်ဇင်း လွတ်လပ်ခွင့်ဆိုင်ရာ ဖိနှိပ်ချုပ်ချယ်မှုများ ရှိနေသော နိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံတွင် စာနယ်ဇင်းလွတ်လပ်ခွင့် ဆိတ်သုဉ်းခဲ့သည်မှာ ဆယ်စုနှစ်လေးစုပင်ကျော် နေခဲ့ပြီဖြစ်သည်။

## မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ။

လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံ၏ ပထမဆုံး ဒီမိုကရေစီ အခြေခံဥပဒေအရ နိုင်ငံသားတိုင်း မိမိတို့၏ ယုံကြည်ချက်နှင့် အတွေးအမြင်များကို လွတ်လပ်စွာ ဖော်ထုတ်နိုင်ခွင့်ရှိသည်။

သို့သော် ၁၉၇၄ ခုနှစ်တွင် စစ်တပ်မှရေးဆွဲသော ၁၄ နှစ်ကြာ အုပ်ချုပ်ခဲ့သည့် အခြေခံဥပဒေသစ်၏ ထုတ်ပြန်ကြေငြာချက်အရ နိုင်ငံသားတိုင်း၌ လွတ်လပ်စွာ ပြောဆိုခွင့်၊ ထုတ်ဖော်ခွင့်၊ ပုံနှိပ်ထုတ်ဝေခွင့်များရှိသည်။ သို့သော် ယင်းလွတ်လပ်မှုသည် ဆိုရှယ်လစ်လမ်းစဉ်နှင့် လုပ်သားပြည်သူအပေါင်းတို့၏ သဘောဆန္ဒများကို ဆန့်ကျင်သည့်အရာများ မဖြစ်စေရ။ ယင်းကဲ့သို့ ပြုပြင်ခြင်းသည်ပင် မြန်မာနိုင်ငံတွင် လွတ်လပ်ခွင့် အင်မတန်နည်းပါးနေသည်ကို သိမြင်နိုင်သည်။

၄င်းဖွဲ့စည်းပုံကို ၁၉၈၈ ခုနှစ်၌ ပြည်သူများထံမှ အတင်းအဓမ္မ အာဏာသိမ်းယူထားသည့် နောက်ပေါက်စစ်အာဏာရှင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ယခုအခါ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထပ်မံ ဖျက်သိမ်းခဲ့ပြန်သည်။ ထိုအချိန်မှစ၍ သတင်းဌာနများ လွတ်လပ်ခွင့်များ နှင့် အခြားဆက်သွယ်ရေး လုပ်ငန်းများဖြစ်သည့် အီးလ်မေးများ၊ တယ်လီဖုန်းများ၊ ဖက်စ်များသာမက တေးသီချင်းများနှင့် အနုပညာလုပ်ငန်းများကိုပါ ချုံးနှိမ်ထားခဲ့သည်။

## ပုံနှိပ်နှင့် ပုံနှိပ်ထုတ်ဝေခွင့် ဥပဒေ (၁၉၆၂)။

ဤဥပဒေသည် တရားဝင် ဆင်ဆာဖြတ်တောက်ခြင်းအတွက် အဓိကကျသော ဥပဒေဖြစ်သည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းတွင် သတ်မှတ်ပြဋ္ဌာန်းသော ဥပဒေအရ စာအုပ်များ၊ မဂ္ဂဇင်းများနှင့် အခြားကာလအပိုင်းအခြားဖြင့် ထုတ်ဝေ သော စာအုပ်စာတမ်းများ အားလုံးသာမက တေးသီချင်း စာသားများ၊ ရုပ်ပုံများကိုပါ စာပေစိစစ်ရေးအဖွဲ့၌ စိစစ်ရန်အတွက် တင်ပြရမည်ဖြစ်သည်။ ယင်းဘုတ်အဖွဲ့သည် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနအတွက် တာဝန်ရှိပြီး၊ ပုံနှိပ်ထုတ်ဝေ ခြင်းကို တားမြစ်နိုင်ခြင်းနှင့် လိုအပ်သောပြောင်းလဲမှုများကို ထိန်းချုပ်ထားနိုင်ရန်အတွက် အခွင့်အာဏာများကို သိမ်းယူထား သည်။

ပုံမှန်အားဖြင့် တားမြစ်ခြင်းခံရသော သတင်းများမှာ သဘာဝဘေးအန္တရာယ်များ၊ အေအိုင်ဒီအက်စ်ရောဂါ ပြန့်ပွားမှု အခြေအနေများ၊ လူ့အခွင့်အရေးများ၊ ဒေါ်အောင်ဆန်းစုကြည်၏ ထိန်းသိမ်းခံထားရမှု၊ အစိုးရ၏ နိုင်ငံရေး အခြေအနေနှင့် ပတ်သက်သည့် အခြေအတင် ဆွေးနွေးပွဲများ၊ ဆင်းရဲသောဒေသခံ စီးပွားရေး အခြေအနေများနှင့် အစိုးရအပေါ် မြှောက်ပင့်ခြင်း မရှိသည့် သတင်းများ ဖြစ်ကြသည်။

ထိုသတ်မှတ်ထားသော ဥပဒေများကို လိုက်နာရန် ပျက်ကွက်ခဲ့သော် မည်သည့်ပုဂ္ဂိုလ်မဆို ထောင်ဒဏ် (၇)နှစ် အထိ ကျခံရမည်ဖြစ်ပြီး ဒဏ်ငွေ ကျပ်သုံးသောင်း (၃၀၀၀၀)တိတိ ပေးဆောင်ရမည်ဖြစ်သည်။ ဤကဲ့သို့ ပြုလုပ်ခြင်းအားဖြင့် စစ်အစိုးရအား ဝေဖန်မှုများကို ထိထိရောက်ရောက် တားဆီးနိုင်သည်။ ယခုလက်ရှိအချိန်တွင် ယင်းဥပဒေကို ယခင်အရေးပေါ် ယာယီဥပဒေနှင့် တွဲ၍ပင် အသုံးပြုနေသည်။

## အရေးပေါ်ယာယီဥပဒေ (၁၉၅၀)။

မြန်မာပြည်ရှိ စစ်တပ်အာဏာပိုင်များသည် ၎င်းတို့၏ သက်တမ်းရှည်ကြာရန်အတွက် ဤဥပဒေဖြင့် မည်သည့် သဘောထား ကွဲလွဲမှုကိုမဆို ချိုးနှိမ်ရန်အတွက် အသုံးပြုခဲ့သည်။ ထို့အပြင် နိုင်ငံ၏အရေးပေါ် အခြေအနေ ထုတ်ပြန် ကြေညာချက်ကိုပင် မပြုလုပ်ခဲ့ပေ။ ၎င်းဥပဒေသည်

သတင်းထောက်များနှင့် စာရေးဆရာများကို မကြာခဏ ထိခိုက်လေ့ရှိ သည်။ ယင်း ဥပဒေနှင့် ဆန့်ကျင်သည့် အရာများမှာ –

- စစ်အစိုးရကို ဆန့်ကျင်သော အချက်အလက်များကို ဖော်ပြသူများ
- ဆန့်ကျင်သူများ၏ မိန့်ခွန်းများပါဝင်သော တိပ်ခွေများ လက်ဝယ်ပိုင်ဆိုင်သူများ
- မြန်မာပြည်အကြောင်းကို ရေးသားထားသည့် ပြည်ပမှထုတ်ဝေသော စာစောင်များ ဖြန့်ဝေသူများ အပိုဒ် ၃ အရ ဆူပူမှုများ၊ အဖျက်လုပ်ငန်းများကို ပြုလုပ်ရန် ရည်ရွယ်ချက်များနှင့် စစ်တပ်အဖွဲ့အစည်းများ၏ စုံစမ်းစစ်ဆေးမှု လုပ်ငန်းများကို နှောင့်ယှက်သော မည်သူကိုမဆို ထောင်ဒဏ် တစ်သက်မှ သေဒဏ်အထိ ချမှတ်နိုင်သည်။

ဥပဒေ၏ အပိုင်း ၅ အရ ဒဏ်ငွေနှင့် ထောင်ဒဏ် ၇ နှစ်အထိ ချမှတ်နိုင်သော ပြစ်မှုများမှာ –

- အထိတ်တလန့်ဖြစ်စေသည့် လူစုလူဝေး ပြုလုပ်ခြင်း၊ နှိုးဆော်ခြင်းများ၊
- သတင်းအမှားများနှင့် ကောလဟာလများကို ဖြန့်ဝေခြင်းများ၊
- နိုင်ငံတော်၏ စီးပွားရေးလုပ်ငန်းအပေါ် အယုံအကြည်နည်းစေရန် ပြုလုပ်ခြင်းများ၊ တရားဥပဒေ စိုးမိုးရေးအတွက် အကောင်အထည်ဖော်နေသည့်

အစိုးရ၏စီးပွားရေးလုပ်ငန်းများကို နှောင့်နှေးစေရန်ပြုလုပ်မှုများ၊

- လူထုတစ်ရပ်လုံး သို့မဟုတ် လူတစ်စု၏ စာရိတ္တနှင့် အမူအကျင့်များသည် ပြည်ထောင်စု၏ လုံခြုံရေးနှင့် တရားဥပဒေ စိုးမိုးရေးကို ထိခိုက်စေသည့် လုပ်ဆောင်မှုများ၊
- ဥပဒေကို အန်တုဆန့်ကျင်သည့် ရည်ရွယ်ချက်ဖြင့် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သော်လည်းကောင်း လုပ်ဆောင်သည့် အပြုအမူများ၊ ပြင်ဆင်လုပ်ဆောင်မှုများ၊ စီမံဆောင်ရွက်မှုများ၊ အားပေးအားမြှောက်မှုများ၊
- အစိုးရအပေါ်ထားရှိသည့် စစ်တပ်အဖွဲ့အစည်းများနှင့် အစိုးရဝန်ထမ်းများ၏ ရိုးသားဖြောင့်မတ်ခြင်း၊ ကျန်းမာကြံ့ခိုင်ခြင်း၊ အကျင့်စရိုက်နှင့် လေးစားမှုများကို အကြမ်းဖက်ကျူးလွန်သည့် လုပ်ဆောင်ခြင်းများ၊

## တရားဝင် လျှို့ဝှက်ဥပဒေ (၁၉၂၃)။

ဤဥပဒေသည် နောက်ထပ် ကိုလိုနီဥပဒေတစ်ခုဖြစ်ပြီး သဘောထားကွဲလွဲမှုများကို ချေမှုန်းရန်နှင့် သတင်းအချက်အလက်များကို ထိန်းချုပ်နိုင်ရန်အတွက် အသုံးပြုနေခဲ့သည်။ ယင်းဥပဒေကြောင့် နိုင်ငံတော်၏ လျှို့ဝှက်မှတ်တမ်းများကို အာဏာပိုင် မဟုတ်သူများထံသို့ လွှဲပြောင်းပေးရန် တားမြစ်ထားသည်။ ဥပဒေ ချိုးဖောက်လျှင်

မည်သူမဆို ဒဏ်ငွေများ နှင့် ထောင် (၂)နှစ်အထိ ကျခံစေရမည် ဖြစ်သည်။

နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနှင့် ကောင်းမွန်သည့် နိုင်ငံခြားဆက်ဆံရေး သို့မဟုတ် နိုင်ငံတော်၏လုံခြုံရေးကို ထိခိုက်စေသော မှတ်တမ်းများ၊ သတင်းအချက်အလက်များကို လက်ဝယ်ထားရှိရန်၊ ထိန်းချုပ်ရန်နှင့် လက်ခံရန်၊ ဆက်သွယ် လုပ်ဆောင်နိုင်ခြင်းတို့ မရှိစေရန် ဤဥပဒေက တားမြစ်ထားသည်။

တိုင်းပြည်၏ လျှို့ဝှက်ချက်ဟု အဓိပ္ပါယ်ဖွင့်ဆိုရာတွင်လည်း အင်မတန်ကျယ်ပြန့်လွန်းလှသည်။ ယခင်က ဒေါ်အောင်ဆန်းစုကြည်၏ ‘ကြောက်ရွံ့ခြင်းမှ ကင်းလွတ်ရေး’ စာအုပ်ကို ဘာသာပြန်ထုတ်ဝေခြင်းသည်ပင် ဤဥပဒေကြောင့် ထုတ်ဝေခွင့်မရခဲ့ပေ။ လက်တွေ့ဖြစ်ပေါ်နေသော လူထုဆန္ဒများ၏ သတင်းအချက်အလက်များကိုလည်း ထုတ်ဖော်ခွင့် မရရှိခဲ့ ပေ။

## နိုင်ငံတော် ကာကွယ်ရေး ဥပဒေ (၁၉၇၅)။

ဤဥပဒေသည် ကမ္ဘာပေါ်တွင် အကျယ်ပြန့်ဆုံး ဥပဒေတစ်ခုအဖြစ် ရည်ညွှန်းခေါ်ဝေါ်လေ့ရှိပြီး မြန်မာတပြည်လုံး မည်သည့်အစိတ်အပိုင်းတွင်မဆို အရေးပေါ်ဥပဒေအဖြစ် ပြဋ္ဌာန်းသတ်မှတ်နိုင်ပြီး၊ ပြည်သူများ၏ အခြေခံ အခွင့်အရေးများကို လည်း ပိတ်ပင်တားမြစ်သည်။ ဖော်ပြပါရည်ရွယ်ချက်မှာ

တိုင်းပြည်၏ အချုပ်အချာအာဏာ၊ လုံခြုံရေး၊ ပြည်သူ့လူထုအတွက် တရားဥပဒေ စိုးမိုးရေးတို့အပေါ် ကျရောက်လာနိုင်သည့် အန္တရာယ်များမှ ကာကွယ်ရန်ဖြစ်သည်။ ၎င်းဥပဒေသည် သတင်းထောက်များနှင့် စာရေးဆရာများကိုလည်း ထိခိုက်နစ်နာစေခဲ့သည်။

ယင်းဥပဒေ၏ အခန်း ၃၊ ခေါင်းစဉ် ၇ တွင် နိုင်ငံတော်၏အေးချမ်းသာယာရေး၊ လုံခြုံရေးနှင့် အချုပ်အခြာ အာဏာကို ထိခိုက်စေသော (သို့မဟုတ်) ပြည်သူလူထု၏ ငြိမ်းချမ်းတည်ငြိမ်မှုကို ပျက်ပြားစေသော ပြစ်မှုများကို ကျူးလွန်ခဲ့သည်ဖြစ်စေ၊ ကျူးလွန်တော့မည်ဟု သေချာနေသည်ဖြစ်စေ၊ ထိုသူများ၏အခွင့်အရေးများကို ဝန်ကြီးများအနေနှင့် ပိတ်ပင်တားမြစ်နိုင်သည့် အခွင့်အာဏာများကို ပေးအပ်ထားသည်။

ဥပဒေကျူးလွန်သူများသည် တရားခွင်တွင် စစ်ဆေးမေးမြန်းခြင်းမခံရပဲ အမှုဆောင်များ၏အမိန့်အတိုင်း ထောင်ဒဏ် ၅ နှစ် အထိ ချမှတ်ခံရနိုင်သည်။ (၁၉၉၁ ခု ဩဂုတ်လ ၉ ရက်ထုတ်ပြန်ချက်၊ ဥပဒေ ၁၁/၉၁၊ အခန်း ၁၄)။ ထို့ပြင် ပြစ်မှုကျူး လွန်သူများ၏ သတ်မှတ်နယ်မြေအတွင်းတွင်သာ သွားလာခွင့်ပြုခြင်း (သို့မဟုတ်) လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို ကန့်သတ် ထိန်းချုပ်ထားခြင်းကိုလည်း ပြုလုပ်နိုင်သည်။ (အခန်း ၁၁)။

## ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေ (၁၉၉၆)။

လွတ်လပ်သော သတင်းအချက်အလက်များ ရရှိနိုင်ခွင့်ကို ဤဥပဒေမှ တားမြစ်ထားသည်။ ရုပ်မြင်သံကြား ပြစက်များ၊ ဗီဒီယိုပြစက်များ၊ ဂြိုလ်တုစလောင်းများ သုံးစွဲရန်အတွက် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်မှ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေးရုံးတွင် မဖြစ်မနေ လိုင်စင်ယူရမည်ဖြစ်သည်။ လုပ်ငန်းရှင်နှင့် ပုဂ္ဂလိက ဗီဒီယိုများသည်လည်း ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဗီဒီယိုလုပ်ငန်းရှင် ကော်မတီများအဖွဲ့မှ လိုင်စင် ယူရမည်ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့အစည်းများပင်လျှင် ပြည်ပမှ တင်သွင်းလာသော ဗီဒီယိုခွေများကို ပြသရန်အတွက် ခွင့်ပြုချက် ယူထားရမည်ဖြစ်သည်။

ဤဥပဒေအရ မြန်မာပြည်တွင်းရှိ မည်သည့်ဗီဒီယိုခွေတွင်မဆို ဆင်ဆာကော်မတီမှ ထောက်ခံစာ ပါရှိရမည်ဖြစ်ပြီး ယင်းကိုလည်း ဗီဒီယိုတိပ်ခွေ၏ ကားချပ်တိုင်း၌ ထည့်သွင်းရမည်ဖြစ်သည်။ ဤဥပဒေသည် ဆင်ဆာဖြတ်တောက်သော ဘုတ်အဖွဲ့အား အထူးအာဏာကုန် ပေးထားသည့်အပြင် ယခင်ဆင်ဆာဖြတ်ပြီးသော တိတ်ခွေအဟောင်းများကိုလည်း ထပ်မံ၍ ဆင်ဆာတင်စေခြင်း၊ တရားဥပဒေနှင့် မကိုက်ညီသည့် ဗီဒီယိုများကို ဖျက်သိမ်းခြင်းများလည်း ပြုလုပ်နိုင်သည်။

## ကွန်ပြူတာ သိပ္ပံတိုးတက်မှု ဥပဒေ (၁၉၉၆)။

ဤဥပဒေသည် အခြားသော အင်တာနက် ကန့်သတ်မှုဆိုင်ရာ ဥပဒေများနှင့်အတူ လွတ်လပ်စွာ ထုတ်ဖော်ရေးသား ခြင်းကို ထိန်းချုပ်လေ့ရှိသည်။ အင်တာနက်သုံးစွဲမှုကို တင်းကြပ်ထားပြီး အီးလ်မေးအဝင်အထွက်များကိုလည်း စောင့်ကြည့် ပိတ်ပင်မှုများ ပြုလုပ်နေသည်ဟု ယုံကြည်ရသည်။

အခန်း (၃၁)အရ မည်သူမဆို ကွန်ပြူတာနှင့်ပတ်သက်သော အသုံးအဆောင်များကို အသုံးပြုသည်ဖြစ်စေ၊ ပိုင်ဆိုင်သည်ဖြစ်စေ၊ ဝယ်ယူတင်သွင်းသည်ဖြစ်စေ ဆက်သွယ်ရေးဝန်ကြီးဌာနအောက်မှ စာတိုက်နှင့် ကြေးနန်းဆက်သွယ်ရေး ဌာနတွင် လိုင်စင်လုပ်ရမည်ဖြစ်သည်။ အကြောင်းမှာ ကွန်ပြူတာများကို စာသင်ကြားရေး၊ ရုံးအလုပ်များနှင့် စီးပွားရေး လုပ်ငန်းများတွင် ကွန်ပြူတာများကို သင်ကြားရေး အထောက်အကူပြုပစ္စည်းများအဖြစ် ခွင့်ပြုထားသော်လည်း၊ စာလက်ခံ ပေးပို့နိုင်သည့်ကဒ် ထည့်သွင်း အသုံးပြုရသော ခေတ်မီ စာပို့ ကွန်ပြူတာများကို အဓိက တားမြစ်လိုရင်းဖြစ်သည်။။ (အခန်း၂၆)

လိုက်နာရန် ပျက်ကွက်သူများကို ထောင်ဒဏ် ၇ နှစ်မှ ၁၅ နှစ်ဖြစ်ပြီး၊ ဒဏ်ငွေများလည်း ပေးဆောင်ရနိုင်သည်။

အခန်း (၃၄) အရ –

(က) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာ

အေးချမ်းသာယာရေး၊ အမျိုးသား စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်၏ စီးပွားရေးနှင့် ယဉ်ကျေးမှုများအား ထိခိုက်အောင် နှောင့်ယှက် ဖျက်ဆီးသူအားလည်းကောင်း

(ခ) နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ အမျိုးသားလုံခြုံရေး၊ တိုင်းပြည်၏ စီးပွာရေးနှင့် ယဉ်ကျေးမှုများအား ထိခိုက်စေသော သတင်းအချက်အလက်များအား ပိုင်ဆိုင်သူများ၊ ဖြန့်ဝေပေးပို့သူများအား လည်းကောင်း – ထောင်ဒဏ် ၇ နှစ်မှ ၁၅ နှစ်အထိ ကျခံရမည်ဖြစ်ပြီး ဒဏ ငွေများလည်း ပေးဆောင်ရနိုင်သည်။

## အင်တာနက် ဥပဒေ။

အင်တာနက်သုံးစွဲသူများအတွက် စည်းမျဉ်းစည်ကမ်းများကို ၂၀၀၀ ခုနှစ်တွင် ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ စာတိုက်နှင့်ကြေးနန်းဆက်သွယ်ရေးဌာနမှ ထုတ်ဝေခဲ့သည်။ နိုင်ငံတော်၏မူဝါဒနှင့် လုံခြုံရေးကို ထိပါးနှောင့်ယှက်မှုများ၊ စည်းလုံးညီညွတ်ရေးကို ပျက်ပြားစေမှုများ၊ အကြမ်းဖက်မှုများ စသည့် အကြောင်းအရာများကို အင်တာနက်မှတဆင့် ရေးသားပေးပို့ပါက အပြစ်ဒဏ်ခံရမည် ဖြစ်သည်။ ဤစည်းမျဉ်းကြောင့် စစ်အစိုးရကိုဝေဖန်သော စာများကို ထုတ်ဝေရန် များစွာအခက်တွေ့စေသည်။

## လွတ်လပ်စွာ ထုတ်ဖော်တင်ပြခြင်းနှင့် နိုင်ငံတကာ ဥပဒေများ။

လွတ်လပ်စွာ ဖော်ထုတ်တင်ပြခြင်းသည် ဒီမိုကရေစီဆိုင်ရာ အခွင့်အရေးနှင့် လွတ်လပ်မှုတို့၏ အခြေခံအုတ်မြစ်ဖြစ် သည်။ လူ့အခွင့်အရေး ထုတ်ပြန်ကြေငြာချက်များမတိုင်မီ ၁၉၄၆ ခုနှစ်တွင်၊ ကုလသမဂ္ဂ၏ အစည်းအဝေးဆုံးဖြတ်ချက် ၅၉ (အိုင်)အရ သတင်းအချက်အလက်များ လွတ်လပ်ခြင်းသည် အခြေခံကျသော လူ့အခွင့်အရေးဖြစ်ပြီး၊ ကုလသမဂ္ဂ အလေး ထားသည့် လွတ်လပ်ခွင့်များထဲမှ အထွတ်အမြတ်ထားရာ မှတ်ကျောက်တစ်ခုဖြစ်သည်။

လွတ်လပ်စွာ ဖော်ထုတ်တင်ပြခြင်းသည် လူထု၏ဆန္ဒထုတ်ဖော်ပွဲများနှင့် ဒီမိုအရေစီ ဖော်ဆောင်မှုလုပ်ငန်းများ လုပ် ဆောင်ရန်အတွက် အဓိက အရေးပါလှသည်။ လူထုအနေနှင့် ၄င်းတို့၏အမြင်အတိုင်း ထုတ်ဖော်နိုင်ခွင့်မရှိလျှင်၊ သတင်း အချက်အလက်များနှင့် အယူအဆများကို လွတ်လပ်စွာ မရရှိနိုင်ခဲ့လျှင်၊ လူထုဆန္ဒ ရွေးကောက်ပွဲများတွင် ပါဝင်နိုင်ခွင့်၊ လွတ်လပ်စွာ မဲဆန္ဒပေးပိုင်ခွင့်များကို ထိရောက်စွာ ကျင့်သုံးနိုင်ကြမည်မဟုတ်ပေ။ ထို့ကြောင့် လွတ်လပ်စွာ ဖော်ထုတ်တင်ပြ ခြင်းသည် လူတစ်ဦး၏ဂုဏ်သိက္ခာအတွက် အရေးကြီးသည်သာမက ပါဝင်ဆောင်ရွက်နိုင်မှု၊ တာဝန်ယူနိုင်မှုနှင့် ဒီမိုကရေစီအ

ရေးတို့တွင်လည်း အရေးပါလှသည်။ လွတ်လပ်စွာ ဖော်ထုတ်တင်ပြမှုအား အကြမ်းဖက်ခြင်းသည် အခြားသော အကြမ်းဖက်မှုနှင့် မကြာခဏဒွန်တွဲ၍ ဖြစ်ပေါ်လေ့ရှိသည်။ အထူးသဖြင့် လွတ်လပ်စွာ စုဝေးခြင်းနှင့် အဖွဲ့စည်းများ ဖွဲ့စည်းခြင်းတို့တွင် အနှောက်အယှက်ပြုခြင်းများ ဖြစ်လေ့ရှိသည်။

လွတ်လပ်စွာ ဖော်ထုတ်တင်ပြခွင့်များ အခိုင်အမာရရှိနိုင်မည့် တိုးတက်မှုများကို ယခုနှစ်များတွင် လုပ်ဆောင်နေပြီးဖြစ်သည်။ အထူးဖွဲ့စည်းထားသော ဒေသဆိုင်ရာ လည်ပတ်ရေးယန္တရားများဖြင့် အကောင်အထည်ဖော်ရန် ကြိုးပမ်းနေပြီဖြစ်သည်။ အင်တာနက်နှင့် ကမ္ဘာတလွား ဂြိုလ်တုရုပ်သံ ထုတ်လွှင့်များမှ ပိုမိုကောင်းမွန် လွတ်လပ်သော ဖော်ထုတ်တင်ပြခွင့်များ ပေါ်ပေါက်နေပြီဖြစ်သည်။ သို့သော်လည်း ကမ္ဘာပေါ်ရှိ လွတ်လပ်သောသတင်းဌာနများ၏ သတင်းထုတ်ပြန်မှု စွမ်းအားအပေါ် လက်ဝါးကြီးအုပ်မှုနှင့် ဖိအားပေးမှု အစရှိသည့် ခြိမ်းခြောက်မှုအသစ်များလည်း ပေါ်ထွက် လျက်ရှိသည်။

## အဓိက အခွင့်အရေးများ။

### (က) လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်နှင့် တွေးခေါ်ယူဆခွင့်။

လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်တွင် ထင်မြင်ယူဆချက်၊ တွေးခေါ်သုံးသပ်ချက်များကို လွတ်လပ်စွာ ဖော်ထုတ်နိုင် သည့် အခွင့်အရေးများ အားလုံးပါဝင်သည်။ နိုင်ငံရေးနယ်ပယ်တွင် လူထုပါဝင်လှုပ်ရှားမှုနှင့် ဒီမိုကရေစီအရေးဆောင်ရွက် သည့်နေရာတွင် လွတ်လပ်စွာ ထုတ်ဖော်တင်ပြခွင့်များ အမြင့်ဆုံးအတိုင်းအတာအထိ တိုးမြှင့်လုပ်ဆောင်ခြင်းသည်လည်း မရှိမဖြစ် အရေးပါသော အခွင့်အရေးတစ်ရပ်ဖြစ်သည်။ ယင်းအပြင် အခြားသောလူ့အခွင့်အရေးများကို ကာကွယ်နိုင်ရန် အတွက် အစွန်းရောက်သော ထုတ်ဖော်တင်ပြမှုများကို ဖြတ်တောက်ရန်လည်း လိုအပ်ပေသည်။ ထိုအခြေအနေများအတွက် လွတ်လပ်စွာဖော်ထုတ်တင်ပြခြင်းကို ကန့်သတ်ထိန်းချုပ်ခြင်းသည် မျှတသောလုပ်ရပ်ပင် ဖြစ်သည်။ တစ်ချို့နိုင်ငံများတွင် တားမြစ်ထားသည့် ထုတ်ဖော်တင်ပြမှုပုံစံတစ်ခုမှာ အမုန်းပွားစေသည့် မိန့်ခွန်းများပင်ဖြစ်သည်။

အဖွဲ့အစည်းများအကြား သည်းမခံနိုင်မှုများ၊ မုန်းတီးမှုများကို နှိုးဆွပေးသော ထင်မြင်ယူဆချက်များလည်း ရှိနိုင် သည်။ ထို့ကြောင့် မုန်းတီးမှုများပြောဆိုခြင်းကို ကန့်သတ်ထိန်းချုပ်သင့်ကြောင်း အခြေအတင်ဆွေးနွေးမှုများ

ပေါ်ပေါက်စေခဲ့ သည်။ ထိုကဲ့သို့ လူအများထံပျံ့နှံ့စေနိုင်သည့် မီဒီယာများကို အသုံးပြု၍ လူမျိုးပြန်း သတ်ဖြတ်မှုများ၊ လူမျိုးရေး အဓိကရုဏ်းဖြစ်ပွားအောင် လှုံ့ဆော်မှုခြင်းများ၊ အဆိုးရွားဆုံး ဥပမာတစ်ခုပြရလျှင် လွန်ခဲ့သော ၁၉၉၄ ခုနှစ်၊ ရဝမ်ဒါတွင်ရှိသော လူမျိုးပြန်းသတ်ဖြတ်ခြင်းကို လိုင်ဗရီဒတ်စ် မိုင်းလစ်ကိုးလ်လိုင်းစ် ရုပ်မြင်သံကြားနှင့် အသံလွှင့်ဌာနမှ ထုတ်ပြန်ခဲ့သည်။ တစ်ချို့နိုင်ငံများတွင် အမုန်းတရားများဟောပြောခြင်းသည် ဥပဒေပြင်ပမှလုပ်ဆောင်မှုဖြစ်ကြောင်း သတ်မှတ်ထားပြီး ဖြစ်သည်။ လွတ်လပ်စွာတင်ပြနိုင်ခွင့်ကို ထောက်ခံအားပေးခြင်းနှင့် အခြားသော လူ့အခွင့် အရေးများကို ကာကွယ်ထိန်းသိမ်းခြင်းတို့ အကြားတွင် ဘက်ညီသော တရားမျှတမှုများ ရှိနေစေရသည်။ ထိုကဲ့သို့ ဥပဒေ ရေးရာပြုမူခြင်းသည် မကြာခဏ မေးခွန်းထုတ်နိုင်ဖွယ်များ ဖြစ်ပေါ်နိုင်ပြီး အကျိုးဆက်အားဖြင့် အမုန်းမိန့်ခွန်း ပြောကြားခြင်းကို မြေအောက်လှုပ်ရှားမှုအဖြစ် ဦးတည်စေခဲ့သည်။ အစွန်းရောက် အမုန်းမိန့်ခွန်းများကို တားမြစ်ခြင်း၊ နိုင်ငံ၏ တားမြစ်ချက်တစ်ခုအဖြစ် ပြုလုပ်ခြင်းမှာ လိုအပ်သော်လည်း အများနှင့်သက်ဆိုင်သည့် သတင်းဌာန၏တိုးတက်မှုအတွက် အပြိုင်ဖြစ်ပေါ်နေသော တန်ပြန် တိုက်ခိုက်သည့် အမြင်များကို ဖော်ထုတ်ရန်အတွက်လည်းများစွာ အရေးကြီးလှသည်။

## (ခ) သတင်းနှင့်အကြံအဉာဏ်များကို ရှာဖွေခွင့်၊ လက်ခံခွင့်နှင့် မျှဝေခွင့်။

သတင်းထောက် တစ်ဦးတစ်ယောက်အပေါ်တွင် တင်းကြပ်ခြင်း။ ။ သတင်းမျှဝေခြင်း လွတ်လပ်မှုသည် နည်းလမ်း အမျိုးမျိုး တိုက်ခိုက်လာနိုင်သည့်အပြင် အထူးသဖြင့် ပုံနှိပ်ထုတ်ဝေသည့် လွတ်လပ်မှုကို ထိခိုက်စေသည်။ သတင်းသမား အပေါ် ဖိအားပေးခြင်းသည် အလွန်ထင်ရှားသော ခြိမ်းခြောက်မှုတစ်ခုအဖြစ် စဉ်းစားစရာဖြစ်လာသည်။

တရားမဝင် ဆင်ဆာဖြတ်တောက်ခြင်းဆိုသည်မှာ အာဏာ ၁ပိုင်များမှ လုပ်ဆောင်တတ်သည့်လှုပ်ရှားမှုများထဲမှ တယ်လီဖုန်းခေါ်ဆိုမှုမှ အစပြု၍ ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်ခြိမ်းခြောက်ခြင်းများအထိ ရည်ညွှန်းသည်။ ၄င်းတို့သည် ဝေဖန်ရေးပါဝင်သော ထုတ်ဝေမှုများကို တားမြစ်အပြစ်ဒဏ်ပေးရန် စီစဉ်ထားခြင်းဖြစ်သည်။ လူထုစိတ်ဝင်စားသော သတင်းအချက်အလက်များ လွတ်လပ်စွာတင်ပြနိုင်ရေးအတွက် စနစ်တကျစီစဉ်ရာတွင် သတင်းသမားများသည် မိမိတို့၏ သတင်းရင်းမြစ်များကို ကာကွယ်ရန်အခွင့်အရေးသည်လည်း အရေး ကြီးလှသည်။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးဖွဲ့စည်းပုံအရ တစ်ချို့သော အခြေအနေများမှအပ သတင်းသမားများသည် မိမိတို့ သတင်းရရှိရာ အရင်း အမြစ်ကို ထုတ်ဖော် ပြောဆိုရန်မသင့်ပေ။ (ပြစ်မှုဆိုင်ရာ

စုံစမ်းစစ်ဆေးမှုတွင်လည်းကောင်း၊ ပြစ်မှုကျူးလွန်သူ၏ ကာကွယ်ချက်များတွင်လည်းကောင်း၊ သတင်းထောက်များက မိမိတို့၏သတင်းအရင်းအမြစ်ကို ထုတ်ဖော်ပြောဆိုသင့်သည်။ သတင်း သမားများအနေနှင့် မိမိတို့၏အမှုကို အပြည့်အဝ တင်ပြခွင့်ရပြီးသည့်နောက် သတင်းရရှိရာနေရာကို တရားရုံး၏ တိုက်တွန်း ချက်အရ ထုတ်ဖော်ပြောဆိုရမည်။ ထိုသို့ပြုလုပ်ခြင်းသည် သတင်းအချက်အလက်များ မရရှိနိုင်သော အခြားနေရာတွင် များ စွာ အဓိပ္ပါယ် သက်ရောက်စေသည်။ ထိုနေရာများတွင် လူထုရေးရာများကို ထုတ်ဖော်ခြင်းသည် လွတ်လပ်စွာ ဖော်ထုတ် တင်ပြခြင်းကို ထိခိုက်ခြင်းထက်သာ၍ အရေးကြီးပေသည်။)

တရားမဝင်လုပ်ဆောင်မှုနှင့် ချစားမှုကို တွန်းလှန်ပစ်ရန်အတွက် ရည်ရွယ်၍ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာများကို ကိုယ်ပိုင်ဥပဒေများမှ တားဆီးပိတ်ပင်နိုင်သည်။ ကိုယ်ပိုင်ဥပဒေများသည် ကိုယ်ပိုင်သီးသန့်ကိစ္စများကို ကာကွယ်ရန် အရေး ကြီးသော်လည်း လူထုအလေးထားသည့် အငြင်းပွားဖွယ်ရာ ကိစ္စများတွင် လွဲမှားစွာ အသုံးမပြုသင့်ပေ။

လူ့အခွင့်အရေး ချိုးဖောက်ခြင်းနှင့် လူလူချင်း စာနာထောက်ထားခြင်းများကို ထိန်းချုပ်ရန်အတွက် လိုအပ်သော အခြေအနေတွင် သတင်းဌာနများအနေနှင့် အများနှင့်ဆိုင်သော အသေးစိတ်စစ်ဆေးမှုများနှင့် ပြဿနာများအပေါ်တွင် လွတ်

လပ်စွာ အစီရင်ခံတင်သွင်းသင့်သည်။ သတင်းဌာနအပေါ်
တားဆီးခြင်းသည် လွတ်လပ်စွာတင်ပြမှုအပေါ် အလွန်တရာတင်း
မာသော ထိန်းချုပ်ခြင်းဖြစ်သကဲ့သို့ ၎င်းအပေါ်အာရုံစိုက်မှု၊
ထိန်းချုပ်မှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များသည်
လည်း ရှင်းလင်း၍ လုံခြုံသည့် ကိစ္စများတွင်သာ ထားရှိသင့်သည်။
မဲဆန္ဒရွေးကောက်ပွဲများတွင်လည်း နိုင်ငံရေးသမားများ ကြောင့်
ထိခိုက်ဆုံးရှုံးမှုများဖြစ်ပေါ်ခြင်းမှ ကာကွယ်ရန် ညီမျှ၍
ဘက်မလိုက်သည့်သတင်းများ စီမံပေးရန် လိုအပ်သည်။

## ပုံနှိပ်လုပ်ငန်းအား ဖွဲ့စည်းထားသော စည်းမျဉ်းများဖြင့် တင်းကြပ်ခြင်း။

အများအကျိုးဆောင် အဖွဲ့အစည်းနှင့်ဆိုင်သော
အဆင့်တစ်ခုတွင် သတင်းဌာနများသည် နိုင်ငံရေးထိန်းချုပ်မှုမှ
လွတ်မြောက်သင့်သည် မသင့်သည်မှာ မေးခွန်းတစ်ခု ဖြစ်နေသည်။
ကန့်သတ်ထိန်းချုပ်ခြင်းကို ပုံနှိပ်ဥပဒေသတစ်ခုအနေဖြင့်
လုပ်ဆောင်နိုင်သည်။ ယင်းတွင် သတင်းဌာနတစ်ခုအပေါ်
အစိုးရ၏ဝင်ရောက်ချယ်လှယ်ခြင်းကို ခွင့်ပြုခြင်းအားဖြင့် ပုံနှိပ်ခြင်း
ဥပဒေသများကို ထိန်းချုပ်နိုင်သကဲ့သို့ ထုတ်ဝေခွင့်ပေါ်တွင်
မခိုင်လုံသောအကြောင်းပြချက်များနှင့်ကန့်သတ်ခြင်းဖြင့် ပြဌာန်း
နိုင်သည်။ သတင်းဌာနများ၊ ပုံနှိပ်ဌာနများနှင့်
အသံလွှင့်ဌာနများသည် မိမိတို့၏လုပ်ပိုင်ခွင့်အာဏာများနှင့်အတူ

အစိုးရထိန်း ချုပ်မှုအောက်မှ လွတ်လပ်စွာ ရပ်တည်သင့်သည်။ လုပ်ငန်းလုပ်ကိုင်ခွင့် တောင်းခံခြင်းတွင်လည်း ပွင့်လင်းပြီး ထင်သာမြင် သာရှိစေသည့် ဆုံးဖြတ်ချက်ကို ပြိုင်ဆိုင်လျှောက်ထားကြသော လျှောက်လွှာများထဲမှ လူထုသိရှိပိုင်ခွင့်အပေါ် အခြေခံထား သော လုပ်ငန်းအစီအစဉ်ဖြင့် လျှောက်ထားလာသူများကို ဦးစားပေးရမည်။ ထို့အပြင် တိုင်တန်းခြင်းများ၊ လုပ်ပိုင်ခွင့်များနှင့် စပ်လျဉ်းသည့်ကိစ္စများတွင် အသံလွှင့်ဌာန၏လုပ်ငန်းများကို ကန့်သတ်သင့်သည်။

သတင်းဌာနများ လက်ဝါးကြီးအုပ်ခြင်းသည် အမျိုးမျိုးသော သတင်းရင်းမြစ်များမှ သတင်းအချက်အလက်များ ရနိုင်ခွင့်ကို ပိတ်ပင်ထားရာရောက်သည်။ နိုင်ငံပိုင်အသံလွှင့်ဌာနကို လက်ဝါးကြီးအုပ်စိုးမှုသည် လူထု၏စိတ်ဝင်စားချက်များကို ဖြည့်ဆည်းပေးမည် မဟုတ်ပေ။ သို့သော် တချို့ဈေးကွက်ငယ်များတွင် လက်ဝါးကြီးအုပ်ထားသည့် သတင်းစာသည် ဒေသ တွင်း သတင်းများကို ရရှိနိုင်သည့် တစ်ခုတည်းသောနည်းလမ်းဖြစ်သည်။ သတင်းလက်ဝါးကြီးအုပ်ခြင်းတွင်လည်း အကြောင်း အရာ အများအပြား တင်ပြခွင့်ရရန်အတွက် စည်းမျဉ်းစည်းကမ်းများကို သေချာစွာ ရေးဆွဲထားရမည် ဖြစ်သည်။ သတင်း ဌာနအတွင်းသို့ အစိုးရအနေနှင့် ဝင်ရောက်မစွက်ဖက်နိုင်စေရန် ဆောင်ရွက်ထားရမည်ဖြစ်သည်။

ဆင်ဆာစည်းမျဉ်းတည်ဆောက်ပုံတွင် အခြားဥပမာများစွာရှိသည်။ ၄င်းတို့မှာ သတင်း အချက်အလက်များကို ထိန်း ချုပ်ရန်အတွက် အစိုးရမှ စီးပွားရေးအရ ထိုးနှက်ခြင်း၊ အစိုးရအားမြှောက်ပင့်သော ကြေငြာများ ထည့်သွင်းရန် နေရာပေးရ ခြင်းအပြင်၊ ပုံနှိပ်ခြင်း၊ ဆက်သွယ်ရေး ကွန်ယက်များ ဖြန့်ဝေခြင်း၊ သတင်းစာနှင့် အခွန်များ ရွေးချယ်အသုံးပြုခြင်း တို့ကို အစိုးရမှ ထိန်းချုပ်ထားသည်။

## သတင်းရရှိနိုင်မှုအပေါ် အာဏာပိုင်များ၏ ချုပ်ကိုင်မှု။

သတင်းရရှိနိုင်မှုအပေါ် အာဏာပိုင်များ၏ချုပ်ကိုင်မှုသည် သတင်းလွတ်လပ်ခွင့်အတွက် အချေအတင် ဆွေးနွေးရ မည့် နောက်ထပ်အမြင်တစ်ခု ဖြစ်သည်။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးများ တည်ဆောက်ရာတွင် အများ ပြည်သူတို့၏အခွင့်အရေးများကို သိနိုင်စေရန် တောင်းဆိုခဲ့ခြင်းနှင့် အောက်ဖော်ပြပါ အကြောင်းနှင့်ပတ်သက်ပြီး အစိုးရ၏ ဥပဒေရေးရာ လုပ်ဆောင်မှုများအား တိုက်တွန်းခဲ့သည်။

(၁) ဥပဒေများပြဌာန်းရာတွင် အမြင့်ဆုံး သတ်မှတ်ဖော်ပြသည့် စည်းမျဉ်းများနှင့် ရှေ့ဆောင်မှု ပြုသင့်သည်။

(၂) အဓိကကျသော သတင်းအချက်အလက်များ ထုတ်ဝေခြင်းသည် လူထုတစ်ရပ်လုံး အားထားရှိသင့်သည်။

(၃) လူထုတစ်ရပ်လုံးအနေနှင့် လည်း ပွင့်လင်းသောအစိုးရဖြစ်အောင် တက်ကြွစွာအားပေးဆောင်ရွက်သင့်သည်။

(၄) လူထုနှင့်ပတ်သက်မှုများ၊ အန္တရာယ် ကျရောက်မှုများအား ကာကွယ်ရန်အတွက် ခြွင်းချက်များကိုလည်း ရှင်းလင်းစွာနှင့် ထိရောက်စွာ ရေးသားသတ်မှတ်သင့်သည်။

(၅) စရိတ်သက်သာသော၊ အချိန်တိကျသော၊ ဘက်မလိုက်သည့် ဆောင်ရွက်မှုများကို လုပ်ဆောင်နေသော လွတ်လပ်သည့် စီမံခန့်ခွဲမှုထံသို့ လူတစ်ဦးခြင်းစီ၏ ငြင်းဆိုသည့် တောင်းဆိုချက်များအတွက် သတင်းအချက်အလက် ဖော်ထုတ်နိုင်ခွင့်များ ရှိ သင့်သည်။

(၆) မိမိတို့၏လုပ်ဆောင်မှုများ မှားယွင်းကြောင်း ထုတ်ဖော်ပြောဆိုသူများကို ကာကွယ်ပေးမည့် ဥပဒေများ ထားရှိသင့်သည်။

## နည်းပညာသစ်များဖြစ်သည့် အင်တာနက်၊ ဂြိုလ်တုစလောင်းနှင့် ဒီဂျစ်တယ် အသံလွှင့်စက်များ တပ်ဆင်ခြင်း။

နည်းပညာတိုးတက်မှုကြောင့် လွတ်လပ်စွာဖော်ထုတ်တင်ပြမှုကို မကြုံစဖူး မြှင့်တင်နိုင်သည့်အခွင့်အရေးများ ရရှိခဲ့ သည်။ အာဏာ

ာပိုင်များအနေနှင့်လည်း ယင်းကဲ့သို့ စက်ပစ္စည်းသစ်များကို အသုံးပြုခြင်းမှတဆင့် အန္တရာယ်ကြီးသော တရားမဝင် လုပ်ဆောင်မှုများကို ကန့်သတ်နိုင်ရန်နှင့် စက်ကိရိယာအသစ်များကြောင့် ထွက်ပေါ်လာမည့် မြောက်များစွာ သော အကျိုးရလာဒ်များကို ချိုးနှိမ်မှုမရှိစေရန် သတိထား၍ လုပ်ဆောင်သင့်သည်။ အခြားသတင်းဌာနများဖြစ်သည့် ပုံနှိပ် ခြင်းနှင့် အသံလွှင့်ခြင်းများအတွက် ရေးဆွဲထားသော စည်းမျဉ်းများမှာ အင်တာနက်လုပ်ငန်းများအတွက် အသုံးဝင် သင့်လျော်နိုင်မည် မဟုတ်ပါ။ စက်ပစ္စည်းတိုးတက်မှုများကို ကန့်သတ်ထားခြင်းသည် သတင်းနှင့်ရေးသားဖော်ထုတ်ခြင်း လွတ်လပ်ခွင့်နှင့် တိုးတက်သော စက်မှုပစ္စည်းများအား အလွဲသုံးစားပြုမှုများ (ဥပမာ –ကလေးများ၏ညစ်ညမ်းသည့် ရုပ်ပုံများ ဖြန့်ဝေခြင်း) ကို ကာကွယ်နိုင်ရန်အတွက် ညီည ွတ်မျှတသော လုပ်ဆောင်မှုတစ်ခု ဖြစ်နေသင့်သည်။

**(ဂ)အခြားသူများ၏ အခွင့်အရေးများနှင့် ဂုဏ်သတင်းများကို ကာကွယ်ရန်၊ အမျိုးသား လုံခြုံရေး၊ နိုင်ငံတော် အချုပ်အခြာ အာဏာ၊ ကျန်းမာရေးနှင့် အကျင့်စာရိတ္တများကို ကာကွယ်ရန် စသော အခြေအနေများ၌သာ ယင်းအခွင့်အရေးများကို တင်းကြပ်နိုင်သည်။**

နိုင်ငံတော် အချုပ်အခြာအာဏာနှင့် အမျိုးသားလုံခြုံရေးအတွက် တင်းကြပ်သည်ဟုဆိုရာ၌

အလွန်တရာ ကျယ် ပြန့်၍ အဓိပ္ပါယ်များစွာ ကောက်ယူနိုင်သည်။
ဒေသဆိုင်ရာနှင့် နိုင်ငံတကာတို့၏အဆိုအရ ထိုကဲ့သို့
အခွင့်အရေးများ တင်းကြပ်ခြင်းသည် ဥပဒေရေးရာတွင်
အမှန်တကယ် အန္တရာယ်ကျရောက်နိုင်ခြင်း၊ ဆိုလိုသည်မှာ
အန္တရာယ် ကျရောက်လု နီးနီးအချိန်တွင်သာ တင်းကြပ်မှုများ
ပြုလုပ်သင့်သည်။ ဥပဒေနှင့်မသင့်လျော်သောအပြုအမူများ၊
အကြမ်းဖက်မှုများ၊ စသည့် အရေးကြီးသည့် အန္တရာယ်များကို
ဖော်ထုတ်ရေးသားတင်ပြမှုနှင့်  ဒုက္ခရောက်နိုင်ဖွယ်
အကြောင်းတရား ရှိနေသည့် အခြေ အနေများကို
ဖော်ထုတ်ရေးသားခြင်းကြောင့် အမှန်တကယ်
အန္တရာယ်ကျရောက်နိုင်သည့် အခြေအနေများတွင်သာ သတင်း
ရေးသားတင်ပြခွင့်ကို တင်းကြပ်သင့်သည်။

ပြစ်မှုဆိုင်ရာ လုပ်ပိုင်ခွင့်များတွင် ထိုကဲ့သို့သော
တင်းကြပ်မှုများစွာ ပါဝင်သည်။ ထုတ်ဖော် ရေးသားချက်များကို
လူထု၏အန္တရာယ်တစ်ခုအဖြစ် သတ်မှတ်ကာ အပြစ်ပေးခြင်းများ၊
ထောင်ချခြင်းများကို မပြုလုပ်သင့်ပေ။ လွတ်လပ်စွာ
ထုတ်ဖော်ခွင့်နှင့် ပတ်သက်ပြီး နိုင်ငံတကာနှင့် ဒေသဆိုင်ရာ
လူ့အခွင့်အရေးအဖွဲ့များက အလွန်တရာဥပဒေမဲ့ ပြုလုပ်ခြင်းနှင့်
နိုင်ငံတကာအသိုင်းအဝိုင်း၌ အန္တရာယ်ကျရောက်လုဆဲဆဲ
အခြေအနေကို လှုံ့ဆော်သည့် အခြေအနေမှ လွဲ၍ ထောင်သွင်း
အကျဉ်းချထားခြင်းများကို မပြုအပ်ပေ။

တစ်ချို့နိုင်ငံများတွင် ၎င်းတို့၏ဂုဏ်သိက္ခာ ထိခိုက်စေသည့်အရာများကို ကာကွယ်ရန်အတွက် ပြစ်မှုဆိုင်ရာ အသရေဖျက်မှု ဥပဒေကို ဆက်လက်ကျင့်သုံးနေသည်။ ထိုဥပဒေများသည် လွတ်လပ်စွာရေးသားဖော်ထုတ်ခွင့်ကို ထိန်းချုပ်ကန့်သတ်မှုများ ရှိပြီး လူထုစိတ်ဝင်စားမှုနည်းသည့် ကိစ္စများတွင် မကြာခဏဆိုသလို မတော်မတရား အသုံးပြုခြင်း ခံနေရသည်။ ထိုဥပဒေမျိုးကို ဖျက်သိမ်းသင့်ပြီး ၎င်းနေရာတွင် အသရေဖျက်မှု တရားမဥပဒေအဖြစ် အစားထိုးသတ်မှတ်သင့် သည် ဟု နိုင်ငံတကာနှင့် ဒေသဆိုင်ရာလူ့အခွင့်အရေးအဖွဲ့များက မှတ်ချက်ပေးခဲ့သည်။

အသရေဖျက်မှု တရားမဥပဒေသည်လည်း လူထု၏အခြေအတင် ဆွေးနွေးဝေဖန်သည့်ကိစ္စများကို ထိန်းချုပ်ရာတွင် လွဲမှားစွာ အသုံးချနိုင်သည်။ နိုင်ငံတကာနှင့် ဒေသဆိုင်ရာ လူ့အခွင့်အရေးအဖွဲ့များက အသရေဖျက်မှု တရားမဥပဒေသည် အောက်ဖော်ပြပါ စည်းမျဉ်းများကို လေ့လာထားသင့်သည်ဟု ပြောဆိုခဲ့သည်။ ယင်းတို့မှာ လူထုအနေနှင့် အသရေဖျက်မှုများကို ယူဆောင်ရန် မသင့်ခြင်း၊ အမှန်တရားသည် ခုခံကာကွယ်ရန်အတွက် ရှိနေစေခြင်း၊ နိုင်ငံရေးသမားများနှင့် အဖွဲ့အစည်းများသည် ဝေဖန်မှုဒဏ်ကို အမြင့်ဆုံး အတိုင်းအတာအထိ ခံနိုင်ရည်ရှိနေစေခြင်း၊ လူထုစိတ်ဝင်စားသည့် ကျိုးကြောင်းခိုင်လုံသော ပုံနှိပ်ထုတ်ဝေခြင်းများသည်

မည်သည့်အခြေအနေတွင်မဆို အသရေဖျက်ခြင်းအဖြစ် သတ်မှတ်ခြင်း မခံစေရ၊ အမှားပြင်ဆင်ခြင်း၊ တောင်းပန်ခြင်းများ ပြုလုပ်ပေးခြင်းဖြင့် လက်တွေ့အန္တရာယ်အပေါ် ညီညွတ်မျှတသော ပြုပြင်မှု များ လုပ်ဆောင်ခြင်းတို့ဖြစ်သည်။

တရားရုံးတွင်လည်း တရားရေးလုပ်ဆောင်မှုများကို ကာကွယ်နိုင်ရန်အတွက် သတင်း အချက်အလက်များအပေါ် တင်းကြပ်သည့် ဥပဒေပေါင်းများစွာကို တရားရုံးစည်းမျဉ်းများတွင် ထည့်သွင်းရေးဆွဲထားသည်။ သတင်းဌာန၏ဒုက္ခပေးမှုကို ရှောင်ကြဉ်နိုင်ရန်အတွက်နှင့် တရားမျှတသော ရုံးတင်စစ်ဆေးမှုများအတွက် တစ်ချို့သော တင်းကြပ်မှုများရှိသည်။ တရားရုံး၏ကျော်မကောင်း၊ ကြားမကောင်းသောအရာများကို ကာကွယ်ရန်အတွက် အခြားဥပဒေများကို ပို၍ချမှတ်ထား သည်။ ယင်းနည်းလမ်းဖြင့် တရားရေးစနစ်များကို ကန့်သတ်ရန်သင့် မသင့်စသည့် မေးခွန်းများ ဖြစ်ပေါ်နေဆဲဖြစ်သည်။ ယခုနှစ်များအတွင်း တရားရုံးတွင် ကင်မရာများထားရှိမှုနှင့် ပတ်သက်ပြီး အခြေအတင် ဆွေးနွေးမှုများ ဖြစ်လာခဲ့သည်။ တရားရေးရာ ပွင့်လင်းမှုနှင့် ဒုက္ခရောက်သူများ၏မိသားစုနှင့် ပုဂ္ဂိုလ်ရေးရာလျှို့ဝှက်မှုများကြား မျှတစွာဆောင်ရွက်နိုင်ရန် လွတ်လပ်စွာထုတ်ဖော်တင်ပြရေးတွင် မေးခွန်းများစွာရှိနေပေသည်။

## "အိုင်းဖက်စ်" (IFEX) ဆိုတာ ဘာလဲ။

အိုင်းဖက်စ်ဆိုသည်မှာ သတင်းဌာနများ၏အခွင့်အရေးနှင့် လွတ်လပ်စွာဖော်ထုတ်ခွင့်အတွက် လှုပ်ရှားဆောင်ရွက် နေသော အဖွဲ့အစည်းပေါင်း ၅၇ ဖွဲ့၏လုပ်ဆောင်မှုကွန်ယက်ကို ကိုယ်စားပြုသောစကားလုံးဖြစ်သည်။ ယင်းအဖွဲ့ကို ၁၉၉၃ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး ကမ္ဘာတစ်ဝှမ်းရှိ လွတ်လပ်သောသတင်းဌာနများ၏ လွတ်လပ်စွာဖော်ထုတ်တင်ပြခွင့်ကို တင်းကြပ်စွာ တားမြစ်ခံရမှုများနှင့် သတင်းထောက်များ တိုက်ခိုက်ခံရမှုများအတွက် ကာကွယ်ကူညီရန် ရည်ရွယ်ခြင်းဖြစ် သည်။

အဖွဲ့၏လုပ်ဆောင်မှုအားလုံးကို ကနေဒါနိုင်ငံ၊ တိုရွန်တိုမြို့ရှိ အိုင်းဖက်စ် သတင်းစုဆောင်းဖြန့်ဝေရေးဌာနမှ ပူးပေါင်း ဆောင်ရွက်၍ လွတ်လပ်စွာ ရေးသားတင်ပြမှုအတွက် ကနေဒါနိုင်ငံသတင်းထောက်များမှ စီမံခန့်ခွဲသည်။ လွတ်လပ်စွာ ဖော်ထုတ်တင်ပြမှုအတွက် တစ်နှစ်လျှင် ပန်ကြားစာပေါင်း ၂၀၀၀ ခန့်ဖြန့်ဝေနေသော နှိုးဆော်စာလှုပ်ရှားမှုကွန်ယက်မှ စီစဉ်ဆောင်ရွက်သော လွတ်လပ်စွာဖော်ထုတ်တင်သည့်အကြမ်းဖက်မှုများကို ဆန့်ကျင်သော အကျိုးတူပါဝင်မှုတွင် သန့်ရှင်းအိမ်မှကူညီပေးသည်။ သတင်းစုဆောင်းဖြန့်ဝေရေးဌာနမှ လွတ်လပ်စွာ

ထုတ်ဖော်တင်ပြမှုကို အကြမ်းဖက်ခြင်းအား
ဆန့်ကျင်ကန့်ကွက်သည့် လှုပ်ရှားမှုများကို အိုင်ဖက်စ်
နိုးဆော်စာလှုပ်ရှားမှု ကွန်ယက်မှတဆင့် အကောင်အထည်ဖော်
ကူညီပေးသည်။ ယင်းနိုးဆော်စာလှုပ်ရှားမှုမှနေ၍တစ်နှစ်လျှင်
ပန်ကြားစာပေါင်း ၂၀၀၀

အိုင်းဖက်စ်၏ အကြီးမားဆုံးလုပ်ဆောင်မှုမှာ
လွတ်လပ်သည့် သတင်းဌာနပေါင်း ၅၀ နှင့်ဖွဲ့စည်းထားသော
တိုးတက်ရေးအတွက်လှုပ်ရှားဆောင်ရွက်သည့်
အစီအစဉ်များဖြစ်သည့် နိုင်ငံတကာစည်းရုံးရေးနှင့်
ပူးပေါင်းလုပ်ဆောင်ခြင်း သင်တန်းများ၊ သတင်းဆက်သွယ်သည့်
နည်းပညာများ၊ နိုးဆော်စာလှုပ်ရှားမှုကွန်ယက်ရရှိနိုင်ခြင်းများနှင့်
ရံပုံငွေထောက်ပံ့ ရေးသင်တန်းများ ဖြစ်သည်။

## "စီပါ" (SEAPA) ဆိုတာ ဘာလဲ။

အရှေ့တောင်အာရှဒေသအတွင်း သတင်းလွတ်လပ်ခွင့်ကို ကာကွယ်ရန်နှင့် တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် 'စီပါ' ကို ၁၉၉၈ ခုနှစ် နိုဝင်ဘာလ၌ ဘန်ကောက်မြို့တွင် စတင်တည်ထောင်ခဲ့သည်။ Southeast Asian Press Alliance (SEAPA) (ခေါ်) 'စီပါ' ကို စီစစ်ရေးအဖွဲ့မှ ရွေးချယ်ဆုံးဖြတ်ထားသော အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည်။ ထိုအဖွဲ့ဝင်များ သည် အရှေ့တောင်အာရှ ဒေသအတွင်းရှိ သပ်ရပ်အခြေကျနေပြီဖြစ်သော ဂုဏ်သရေရှိ စာနယ်ဇင်းအဖွဲ့များ၏ အဖွဲ့ဝင်များ လည်းဖြစ်သည်။ ၎င်းအဖွဲ့အစည်းများမှာ –

- ဖိလစ်ပိုင်နိုင်ငံရှိ သတင်း လွတ်လပ်ခွင့်နှင့် တာဝန်ခံ ဗဟိုဌာန
- ဖိလစ်ပိုင်နိုင်ငံ စုံစမ်းထောက်လှမ်းရေးဆိုင်ရာ သတင်းဌာန
- ထိုင်းနိုင်ငံဆိုင်ရာ သတင်းထောက်များအဖွဲ့
- အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်သည့် သတင်းရေစီးကြောင်းများလေ့လာရေးကျောင်း
- အင်ဒိုနီးရှားနိုင်ငံ လွတ်လပ်သော သတင်းထောက်များအဖွဲ့ စသည်တို့ဖြစ်သည်။

## အိုင်းဖက်စ် – စီပါ (IFEX - SEAPA) တို့၏ စာနယ်ဇင်း လွတ်လပ်ခွင့် စီမံကိန်း။

စာနယ်ဇင်းလွတ်လပ်ခွင့်ကို အားတက်သရောထောက်ခံသည့် နိုင်ငံတကာ လွတ်လပ်စွာထုတ်ဖော် တင်ပြခြင်းများ ဖလှယ်သည့် အိုင်းဖက်စ်အဖွဲ့နှင့် အရှေ့တောင်အာရှ သတင်းလွတ်လပ်ခွင့်ဆိုင်ရာ မဟာမိတ်အဖွဲ့ 'စီပါ' တို့သည် အရှေ့ တောင်အာရှအတွင်းရှိ သတင်းဌာနများ၏ အခွင့်အရေးကို ကာကွယ်ရန်နှင့် စာနယ်ဇင်း လွတ်လပ်ခွင့်ရရန် ရည်ရွယ်၍ သုံးနှစ်ကြာ စီမံကိန်းတစ်ခုကို အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့သည်။

ယင်းစီမံကိန်းတွင် ပါဝင်သည့်ဆောင်ရွက်ချက်များမှာ

- အဖွဲ့အစည်း ကွန်ယက်များအတွင်းတွင် လွတ်လပ်စွာတင်ပြခြင်းအတွက် ပိုမိုအင်အားကောင်းစေရန်၊ ပိုမို၍ကြိုးပမ်း လုပ်ဆောင်သွားနိုင်စေရန်အတွက် 'စီပါ'၏ စွမ်းရည်၊ လူအင်အားနှင့် အရင်းအမြစ်များကို တည်ဆောက်သွားရန်။
- အရှေ့တောင်အာရှ နှိုးဆော်စာ လှုပ်ရှားမှု ကွန်ယက်များတစ်လျှောက် စာနယ်ဇင်းလွတ်လပ်မှုအတွက် အစဉ်မပြတ် စောင့်ကြည့်နိုင်ရန်။
- အဖွဲ့အစည်းများ ဆက်တိုက်ထူထောင်ခြင်းနှင့် စည်းရုံးလှုပ်ရှားမှုများကို အားပေးခြင်းဖြင့်

တင်းကြပ်သောနိုင်ငံများတွင် စာနယ်ဇင်းလွတ်လပ်လာမှုကို ဦးတည်သော လှုပ်ရှားမှုများအား အထောက်အပံ့ပေးရန်။

အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယား၊ အရှေ့တီမော၊ အင်ဒိုနီးရှား၊ လာော၊ မလေးရှား၊ ဖိလစ်ပိုင်၊ စင်္ကာပူ၊ ထိုင်းနှင့် ဗီယက်နမ် စသော နိုင်ငံပေါင်း ၁၀ နိုင်ငံအတွင်း၌ စာနယ်ဇင်းလွတ်လပ်မှုအခြေအနေများ တိုးတက်မှု ရှိစေရန်ရည်ရွယ်၍ ရေးဆွဲထားသော စီမံကိန်းဖြစ်သည်။ ယင်းစီမံကိန်းတွင် ရေရှည်လုပ်ဆောင်မှုများမှာ –

- အင်ဒိုနီးရှား၊ ထိုင်းနှင့် ဖိလစ်ပိုင်ကဲ့သို့နိုင်ငံများတွင် ခက်ခဲစွာရယူထားသည့် စာနယ်ဇင်းလွတ်လပ်ခွင့်ကို ထိန်းသိမ်း ကျယ်ပြန့်လာစေရန် အထောက်အပံ့များပေးသွားရန်၊
- ‘စီပါ’နှင့် ‘အိုင်းဖက်စ်’အဖွဲ့များမှ စီမံပေးသော သတင်းအချက်အလက်များကို အသုံးပြု၍ ထိရောက်သောစည်းရုံး လှုံ့ဆော်မှုများကို ဖန်တီးကြရန်၊
- စာနယ်ဇင်း လွတ်လပ်ခွင့်များနှင့် ယင်း၏လှုပ်ရှားမှုများကို အားပေးမြှင့်တင်သွားစေရန်နှင့် အရှေ့တောင်အာရှဒေသ အတွင်းရှိ စာနယ်ဇင်းလွတ်လပ်ခွင့်ကို နည်းမျိုးစုံဖြင့် တင်းကြပ်ထားသောနိုင်ငံများ၌ ဆင်းရဲမွဲတေမှုကို လျော့ချနိုင်ရန် အတွက် ဝိုင်းဝန်းကူညီသွားရန်။

## အရှေ့တောင်အာရှ – နှိုးဆော်စာ လှုပ်ရှားမှု ကွန်ယက် ဆိုသည်မှာ အဘယ်နည်း။

အရှေ့တောင်အာရှနိုင်ငံများအတွင်း နှိုးဆော်စာလှုပ်ရှားမှု ကွန်ယက် တည်ထောင်ခြင်းအားဖြင့် ဒေသအတွင်းတွင် ဖြစ်ပွားခဲ့သော လွတ်လပ်စွာထုတ်ဖော်တင်ပြခြင်းများအား အကြမ်းဖက်သည်တို့ကို အသေအချာ မှတ်တမ်းမှတ်ရာနှင့် အစီရင်ခံစာများ ပြုလုပ် စုဆောင်းထားနိုင်ရန်ဖြစ်သည်။ အိုင်းဖက်စ်၏ လက်ရုံးတစ်ဆူဖြစ်သည့် ဒေသတွင်း စာနယ်ဇင်း အကြမ်းဖက်မှုများကို စောင့်ကြည့်အစီရင်ခံပေးနေသော 'စီပါ'သည် အစီအစဉ်များကို အရှည်သဖြင့် ကြည့်ရှုကာ စည်းရုံးရေး လုပ်ငန်းစဉ်သစ်များ စီမံပေးခြင်း၊ အရှေ့တောင်အာရှအတွင်းရှိ လွတ်လပ်စွာရပ်တည်နေသော သတင်းဌာနများနှင့် ဒုက္ခရောက်နေသော သတင်းထောက်များအား ကူညီခြင်းများကို လုပ်ဆောင်ပေးသည်။

ယခင်ကာလများ၌ လွတ်လပ်စွာဖွင့်ဟပြောဆိုခြင်းအပေါ် ကျူးလွန်နေသော အကြမ်းဖက်မှုများကို အာရုံစိုက် ထောက်လှမ်းစုံစမ်းပြီး၊ ဝေဖန်အကြံပြုပေးမည့် ဒေသဆိုင်ရာ အင်န်ဂျီအိုအဖွဲ့များ မရှိခဲ့ပေ။ ထို့အတွက်ကြောင့် ဒေသခံများ၏ အာရုံစိုက်မှုကို မရရှိခြင်း၊ စာရွက်စာတမ်း သက်သေခံမှတ်တမ်းများ

မပြုစုနိုင်ခြင်းနှင့် စာနယ်ဇင်းလွတ်လပ်ခွင့် မရှိခြင်းများကို ကြုံတွေ့ကြရသည်။

ထိုကဲ့သို့ လစ်လပ်နေသော အထူးစုံစမ်းမှုများ၊ များပြားစွာသော အရေးပေါ်နိုးဆော်စာများကို ဒေသဆိုင်ရာနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများဖြစ်သော လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ သတင်းဌာနများ၊ အစိုးရအဖွဲ့အစည်းများ၊ အိုင်းဖက်စ် နှင့် ဆက်စပ်နေသည့် ပါဝင်လှုပ်ရှားသူများထံသို့ ဖြန့်ဝေခြင်းများကို 'စီပါ'က ဖြည့်ဆည်းဆောင်ရွက်နိုင်မည်ဟု ယုံကြည် သည်။

Published by:
**Southeast Asian Press Alliance**
531/8, Samsen Road, Dusit
Bangkok 10300, Thailand
Tel: +66 2 243 5579
Fax: +66 2 244 8749
E-mail: seapa@seapabkk.org
www.seapa.org